မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၂၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၇

၂၀၀၆ ခုနှစ် မေ ၁၇ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက်ဟာရယ်လ်ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မတ္တရာမြို့နယ် အမှတ်(၅)ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀၀ စုပေါင်းစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် မေ ၁၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅)ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(ရေနံ့သာ) ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၀ စုပေါင်းစိုက်ပျိုးပွဲကို မေ ၁၀ ရက် နံနက် ၈ နာရီခွဲက မတ္တရာမြို့နယ် ဥက္ကံကျေးရွာအနီးရှိ အမှတ်(၅) ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့(မေ ၁၇ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မတ္တရာမြို့နယ် ဥက္ကံကျေးရွာအနီးရှိ အမှတ်(၅) ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ကွမ်းရှက်ဈေး

ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း မြန်မာနိုင်ငံ ပန်းပညာရှင်များ (ဗဟို) ပြခန်း၌ ခင်းကျင်း ပြသထားသည့် လှိုင်အနုရသ ပန်းချီပြပွဲတွင် ဆီဆေးဖြင့် ရေးဆွဲထားသော ပန်းချီဆရာ မောင်မောင်တင့်၏ ကွမ်းရှက်ဈေး အမည်ရှိ ပန်းချီကားမှ ကွမ်းရှက်ရောင်းချနေပုံမှာ ဤသို့ အသက်ဝင်လွန်းလှသည်။

မောင်မောင်မြင့်ဆွေ၏
သတင်းဆောင်းပါး(စာ-၇)
ဓာတ်ပုံလက်ရာ-တင်စိုး
(မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးနေမှုနှင့် အညီ မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ တိုးတက်လာသော စက်မှုလက်မှုလုပ်ငန်းများ၏ လိုအပ်ချက်အရ လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေးအတွက် ပဲခူးတိုင်းအတွင်း၌ ရေအားလျှပ်စစ်စီမံကိန်းခြောက်ခု တည်ဆောက်လျက်ရှိ။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင် ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်)

စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်းစွမ်းဆောင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရန်နှင့် တိုင်းရင်းသားပြည်သူတို့၏ လူနေမှုအဆင့်မြင့်မားစေရန် အစီအမံများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရန် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဆန်စပါးအပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် စိုက်ပျိုးမြေဧက တိုးတက်ရရှိစေရန် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပေးခဲ့သည်။ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့သည်။ ၁၇ နှစ်ကျော်ကာလတွင် ဆည်တမံပေါင်း ၁၈၅ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ ခု တည်ဆောက်ပေးထားပြီး ဖြစ်သည်။

နှစ်စဉ် စပါးတင်းသန်း ၁၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မိုးစပါးသာမက နွေစပါးပါစိုက်ပျိုးနိုင်သဖြင့် ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခဲ့ပြီး ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံထွက်ရှိလာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ စိုက်ပျိုးရေးမူဝါဒ တစ်ရပ်အဖြစ် နောင်တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အထိ စားသုံးမှုဖူလုံပိုလျှံစေရန် ရည်မှန်းချက်ချမှတ်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ လူနေမှုအဆင့် မြင့်မားစေရန် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်းကောင်း၊ စိုက်ပျိုးရေရရှိရေးအတွက်လည်းကောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးများနှင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ဖော်ဆောင်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုပမာဏမှာ ယူနစ် သန်းပေါင်း ၁၅၀၀ ကျော်သာရှိခဲ့သည်။ နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ပြီးနောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု များစွာမြင့်တက်လာခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပဲခူးတိုင်းအတွင်းရှိ ရဲနွယ်၊ ခပေါင်း စသည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် စီမံကိန်း ၁၅ ခုကို ဆက်လက်တည်ဆောက်လျက်ရှိပြီး နောက်ထပ်စီမံကိန်း ၁၅ ခုတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပင်မရေလှောင်တမံမှာ အလျားပေ ၁၀၅၀၊ အမြင့်ပေ ၂၅၀ နှင့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၈၀ သိုလှောင်နိုင်သော မြေသားတမံဖြစ်ပြီး လယ်မြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ ၁၂ ဒသမ ၅ မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ရေလွှမ်းမိုးမှုကို ကာကွယ်ရန်၊ စစ်တောင်းမြစ်ဝှမ်း၊ တောင်ငူ၊ အုတ်တွင်းဒေသများအတွင်းရှိ လယ်မြေများသို့ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေရန် ဟူသော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်နေသည်။ စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက စိုက်ပျိုးမြေ ဧက ၁၀၀၀၀၀ အား ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည် ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း ၃၀ နှင့် အခြားလျှပ်စစ် ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းကိုးခုကို တည်ဆောက်ပေးနိုင်ခဲ့သည်။

ထို့ပြင်နိုင်ငံတော်က ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမီမီ အမြန်တည်ဆောက် ပြီးစီးရေး အတွက် တာဝန်ရှိသူများက ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သကဲ့သို့ တောင်သူလယ်သမားများကလည်း လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၄၂)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၄)နှင့် သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ဇနာရီက သင်တန်း ကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ စုစုပေါင်း သင်တန်းသူ ၃၆ ဦး တက်ရောက်သည်။

ဖွင့်ပွဲများကျင်းပ

ထို့အတူ ဗန်းမော်၊ လားရှိုး၊တာချီလိတ်၊မိုင်းဆတ်၊ တီးတိန်၊ မတူပီ၊ ကန်ပက်လက် အိမ်တွင်းမှု သင်တန်းကျောင်းတို့၌ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်း၊ မူဆယ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ မြိတ်၊ ကော့သောင်းနှင့် မောင်တော အိမ်တွင်းမှု သင်တန်းကျောင်းတို့၌ အခြေခံ စက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ် သင်တန်း၊ ဟားခါး၊ ဖလမ်းနှင့် မင်းတပ် အိမ်တွင်းမှုသင်တန်းကျောင်းတို့၌ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲ သင်တန်း၊ ကျောက်စီပန်းချီသင်တန်းနှင့် အခြေခံရက်ကန်းသင်တန်း၊ ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ နန်းယွန်း၊ လေရှီးနှင့် လဟယ် အိမ်တွင်းမှု သင်တန်းကျောင်းတို့၌ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်း၊ မုဒုံ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ပေါက်၊ ဆိပ်ဖြူ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲအိမ်တွင်းမှု သင်တန်းကျောင်းတို့၌ အခြေခံစက်ချုပ်သင်တန်း သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာ အိမ်တွင်းမှု သင်တန်းကျောင်း အသီးသီး၌ ကျင်းပကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့၏ ယဉ်ကျေးမှု လုပ်ငန်း အဖွဲ့ခွဲနှင့် ရန်ကုန်မြောက်ပိုင်း ခရိုင် အမျိုးသမီး ရေးရာ အဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သည့် အခြေခံ ယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၃ ရက်က မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် အာယုဒီဃ ပျိုးဥယျာဉ် စာသင်တိုက်၌ကျင်းပရာ တိုင်းယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်သီဂီလှိုင်က အဖွင့်အမှာစကားပြောကြားစဉ်။ (၃၆၃)

မြဝတီရုပ်မြင်သံကြား

၁၇-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၃၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ကျန်းမာရွှင်လန်း ယောဂလေ့ကျင့်ခန်း(အပိုင်း-၁)
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ သုတစွယ်စုံစာပေဆု
၈:၁၀ ပြည်တွင်းသတင်းအကျဉ်း
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ IT Talk (ဦးမျိုးမြတ်သူ၊ ဦးရဲမြတ်သူ)
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ သံဂဟေအတတ်ပညာ (အပိုင်း-၂)
၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ Myanmar Video Rhythm
၁၀:၁၀ မိုးလေဝသခန့်မှန်းချက်
၁၀:၁၅ စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ မြန်မာစာ၊ မြန်မာစကား(၇)
၁၀:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ နိုင်ငံတကာ အနုပညာရေးရာ
၁၁:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champions League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁၂:၃၀	ချန်ပီယံလိဂ် ဖိုင်နယ် ပွဲကြိုသုံးသပ်ချက် (ဦးထူးထူးဝင်းမော်၊ ဦးကြည်လှဟန်)	
၁:၁၅	Arsenal-Barcelona	5-Sports(Live)

စာပေ၊ အနုပညာမူပိုင်ခွင့်များ နှီးနှောဖလှယ်ပွဲကျင်းပ ကဏ္ဍအလိုက် စာတမ်းများဖတ်ကြားတင်ပြဆွေးနွေး

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ် (World Intellectual Property Organization-WIPO)တို့ ပူးပေါင်းကျင်းပသည့် စာပေအနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိက စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အမှာစကားပြောကြားရာတွင် ယခု နှီးနှောဖလှယ်ပွဲသည် ပြည်တွင်းပြည်ပ ဗဟုသုတရရှိအောင် အသိပေးသည့် Awareness အကြောင်းကို အဓိကထား ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ယခု နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးကြပြီး ပေါ်ထွက်လာမည့် အကြံဉာဏ်များ၊ လုပ်ငန်းများကို စာပေအနုပညာနယ်ပယ် အသီးသီး ပေါင်းစည်းချိတ်ဆက် ဖွံ့ဖြိုးရေးကို ဦးတည်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ အသိဉာဏ်ပစ္စည်းနှင့်ဆိုင်သည့် ခံယူချက်များဖြစ်သော ဖန်တီးသူ လက်ရာရှင်ကို အသိအမှတ်ပြုခြင်း၊ ထိုလက်ရာကို အသုံးပြုလျှင် ခွင့်ပြုချက်ရယူခြင်း၊ ဖန်တီးသူအတွက် အကျိုးစီးပွားရရှိစေခြင်း၊ ထုတ်လုပ်သူတို့၏ အကျိုးစီးပွား အချိုးအစားပါဝင်စေခြင်းတို့အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ရိုးရာပန်း၊ ဓာတ်ပုံ၊ ပုံနှိပ်ထုတ်လုပ်မှုနယ်ပယ်အားလုံး ညီညွတ်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်တကွ အနုပညာကို ကိုယ်စားပြုသူများက အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ကြရန် စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ပူးတွဲဆောင်ရွက်

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဖန်တီးမှု၏ ပိုင်ဆိုင်ခြင်း၊ ပတ်သက်ခြင်း၊ ဆက်ခံခြင်းဆိုသည့် ယနေ့ နှီးနှောကြမည့် မူပိုင်ခွင့်ကိစ္စများဖြစ်၍ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များကို သက်ဆိုင်သူအားလုံးက သဘောပေါက်ကြရန်လိုကြောင်း၊ မိမိတို့ လုပ်ငန်းများအတွက် ဗဟုသုတကြွယ်ဝမှုဖြစ်သည့် မူပိုင်ခွင့်နှီးနှောဖလှယ်ပွဲကို ကျင်းပပြီး နောင်တွင် သိမှတ်ဖွယ်၊ ဆောင်ရွက်ဖွယ်၊ အမျိုးသား အကျိုးစီးပွားနှင့်ယှဉ်သည့် ကိစ္စများကို ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်ဆောင်ရွက်ရန် လုပ်ငန်းများ ပေါ်ပေါက်သည့်အခါ အနုပညာအဖွဲ့အစည်းအသီးသီးတို့သည် ယခုကဲ့သို့ တက်ညီလက်ညီ ရင်းရင်းနှီးနှီး ပူးတွဲဆောင်ရွက်ကြရန် အဖွဲ့အစည်းများကို ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Mr. Jorgen Blomquist(Director, Copyright Law Division, WIPO, Geneva)က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ဦးသော်ကောင်း (စာကြည့်တိုက်ပညာရှင်)၊ ဦးတင်ခ(ဒုတိယဥက္ကဋ္ဌ–၁၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့)နှင့် ဦးသန်းမောင်(ဒုတိယဥက္ကဋ္ဌ–၂၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့)တို့က ဆောင်ရွက်ကြပြီး "Overview of Copyright and Related Rights; Key Elements and Main Issues" ကဏ္ဍတွင်ပါဝင်သည့် "Basic Nations of Copyright and related Rights including its International Framework of Protection" ခေါင်းစဉ်ဖြင့် Mr. Jorgen "Blom qvist (Diretor, Copyright Law Division, WIPO, Geneva)က လည်းကောင်း၊ "Copyright and Related Rights Protection in Myanmar" ခေါင်းစဉ်ဖြင့် ဦးမြသန်း (အငြိမ်းစားသံအမတ်ကြီး)နှင့် ဦးကျော်ဇောနိုင် (မူပိုင်ခွင့်ပညာရှင်)တို့ကလည်းကောင်း စာတမ်းများဖတ်ကြားတင်ပြကြသည်။

ဖတ်ကြားတင်ပြကြ

ထို့နောက် "Taking Art as a Profession: Between Lifetime Passion and Practical Difficulties" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိအဖြစ် ဒေါက်တာခင်မောင်ညွန့် (ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့)၊ ဦးစောလှိုင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး) နှင့် ဦးမောင်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)တို့က ဆောင်ရွက်ကြပြီး ဦးမျိုးသန့် (မောင်ဆုရှင်)(မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့)နှင့် ဒေါ်ဆွေဇင်ထိုက် (တွဲဖက်အတွင်းရေးမှူး–၃၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး) တို့က စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် "Economic, Social and Cultural Importance of Copyright and Related Rights" ကဏ္ဍနှင့် စပ်လျဉ်း၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြရာ သဘာပတိအဖြစ် ဒေါက်တာ ခင်မောင်ညွန့်၊ ဦးမြသန်း (အငြိမ်းစားသံအမတ်ကြီး) နှင့် ဦးမြင့်သိန်း (ဒုတိယဥက္ကဋ္ဌ–၃၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့)တို့က ဆောင်ရွက်ကြပြီး "Economic, Social and Cultural Benefits of Protecting Copyright and Related Rights" ခေါင်းစဉ်ဖြင့် Mr. Paul Wee (Chief Executive Officer, Copyright Licensing and Administration Society of Singapore (Class), Singapore) ကလည်းကောင်း၊ "Exceptions and Limitations to Rights and other Flexibilities in the Copyright System" ခေါင်းစဉ်ဖြင့် Mr. Jorgen Blomqvist ကလည်းကောင်း စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ထို့နောက် "Copyright and Related Rights in the Pulishing Industry" ကဏ္ဍနှင့် စပ်လျဉ်း၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြရာ သဘာပတိအဖြစ် ဦးမျိုးသန့် (မောင်ဆုရှင်) (ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)၊ ဦးကျော်ဇောနိုင် (မူပိုင်ခွင့်ပညာရှင်)နှင့် ဦးအေးချစ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း) တို့က ဆောင်ရွက်ကြပြီး "The Structure and Dynamics of the Publishing Industry: Value Chain and Pricing Strategies" ခေါင်းစဉ်ဖြင့် Mr. Paul Wee ကလည်းကောင်း၊ "Copyright and Related Rights in the Publishing, Industry" ခေါင်းစဉ်ဖြင့် ဦးမျိုးအောင်(မန်နေဂျင်းဒါရိုက်တာ၊ ပြည့်စုံစာပေတိုက်)နှင့် ဦးအေးလွင်(မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)တို့က လည်းကောင်း စာတမ်းများ ဖတ်ကြားတင်ပြကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေ အနုပညာ မူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်ဟိုတယ်၌ WIPO က ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဆွေးနွေးပွဲကို မေ ၁၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရာဈေးသဘော်မန္တလေးသို့ထွက်ခွာ

ရန်ကုန်–မန္တလေး ပြေးဆွဲနေသည့် မြဝတီရာဈေးသဘော်ကြီးနှင့် ဈေးတွဲ နှစ်တွဲသည် မေ ၆ ရက် နံနက်က ဗိုလ်တထောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာသွားခဲ့သည်။

ယင်း မြဝတီရာဈေးသဘော်ကြီးတွင် ဆန်၊ ဆီ၊ ဆား အစရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ ပရိဘောဂများနှင့် လူသုံးကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာကုန်ပစ္စည်းများ ပါရှိသွားသည်။

(ကိုးကား–သတင်းစဉ်)

တစ်ပတ်အတွင်း သတင်းအတိုအထွာ

အကောက်ခွန်ရှင်းလင်းရေးအဖွဲ့စည်းဝေး

အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ် အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မြမြတို့ ပါဝင်သည့် အဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်း ခရီး ဖြင့် ထွက် ခွာ သွား ကြ သည်။

အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်များ အဖွဲ့ချုပ်ကို ကနေဒါနိုင်ငံ အော့တဝါမြို့၌ အခြေစိုက် ဖွင့်လှစ်ထားကြောင်းသိရသည်။

(ကိုးကား–သတင်းစဉ်)

အဆင့်မြင့်အင်ဂျင်နီယာသင်တန်းဖွင့်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၅၁ ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ မေ ၁၅ ရက်က အဆင့်မြင့်အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၁)၊ အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၉)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)၊ စာရေးဝန်ထမ်းအမှတ်စဉ်(၄၂)နှင့် (၄၃)သင်တန်း များဖွင့်ပွဲကို ပြုလုပ်ခဲ့သည်။

သင်တန်းများသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား ၁၇၀ တက်ရောက်ကြပြီး ရက်သတ္တ ၁၂ ပတ် ကြာမည်ဖြစ်သည်။

(ကိုးကား–သတင်းစဉ်)

ရာပြည့်ဗိမာန်တော် စုပေါင်းရေစက်ချ

အများပြည်သူကောင်းမှုဖြင့် တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် သမိုင်းဝင်ဆုတောင်းရ ဘုရားဝင်းအတွင်းရှိ ရာပြည့်ဗိမာန်တော်ကြီး စုပေါင်းရေစက်ချပွဲကို မေ ၁၁ ရက်က ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရာပြည့် ဗိမာန်တော်ကြီးမှာ အလျား ၅၂ ပေ၊ အနံပေ ၄၀ ရှိပြီး သံကူကွန်ကရစ် မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ထား၍ ကျပ် ၂၃၉ သိန်းကျော် အကုန်အကျခံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(ကိုးကား–သတင်းစဉ်)**

မုံရွာနှင့်လှိုင်ကော်၌ မီးသတ်တပ်ဖွဲ့နေ့ ခမ်းနားစည်ကားစွာ ကျင်းပ

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံလက်နက်မဲ့၊ စစ်ရေးပြပြိုင်ပွဲ၊ မီးသတ်စက်ကြီး လေ့ကျင့်ခန်းပြိုင်ပွဲ၊ တူညီဝတ်စုံဝတ်ပြိုင်ပွဲနှင့် အသက်ကယ်ကြိုးကူးနည်းစနစ် ပြိုင်ပွဲများတို့တွင် ဆုရရှိကြသော တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ စွမ်းအားပြည့် (ကျောက်ကွာ)က ငွေကျပ်သုံးသိန်း၊ နေအောင်ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ရွှေအုပ်စုကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ စက်သုံးဆီအရောင်းဆိုင်(မအူ)က ငွေကျပ် တစ်သိန်းနှစ်သောင်း၊ အုတ်လုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၁ သိန်းနှစ်သောင်းကို အလှူရှင်များက လှူဒါန်းကြကြောင်း သိရသည်။

အလားတူ လှိုင်ကော်မြို့နယ်တွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်း နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားပြုလုပ်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းတွင် ပါဝင်သူနှစ်ဦးအား ဂုဏ်ပြုပြီး မီးသတ်ဆေးဘူး သုံးမျိုးဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြကြသည်။

(ကိုးကား–သတင်းစဉ်)

MCPA စာမေးပွဲအတွက် စုံစမ်းနိုင်

Japan-Myanmar Cross Certification IT Engineer Exam သင်ရိုးညွှန်းတမ်းအတိုင်း မေးမြန်းမည့် MCPA စာမေးပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မေ ၂၁ ရက်နှင့် ၂၈ ရက်များ၌ တစ်ပြိုင်တည်း ကျင်းပရန် စီစဉ်ထားသည်။

ဝင်ရောက်ဖြေဆိုလိုသူများသည် မေ ၁၉ ရက်နောက်ဆုံးထား၍ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

အဆိုပါစာမေးပွဲများကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခြင်းဖြစ်သည်။

(ကိုးကား–သတင်းစဉ်)

ကွန်ဂိုနိုင်ငံ၏ ဆိုးရွားသော ဘေးဒုက္ခများ နိုင်ငံတကာမှ ကူညီရန် ကုလ မေတ္တာရပ်ခံ

ကင်ရှာဆာ မေ ၁၆

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူ ၁၀ သန်း၏ အသက်ရှင် နေထိုင်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော ကွန်ဂိုနိုင်ငံရှိ ကမ္ဘာ့အဆိုးရွားဆုံး ဘေးဒုက္ခများကို သတိမမူမိကြဘဲဖြစ်နေကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက မေ ၁၄ရက်တွင် ပြောကြားသည်။

မေတ္တာရပ်ခံခဲ့

အာဖရိကတိုက်အလယ်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်သော ကွန်ဂိုနိုင်ငံတွင် နေ့စဉ် လူ ၁၂၀၀ခန့်သေဆုံးလျက်ရှိပြီး ကုလသမဂ္ဂက ရေ၊ အစားအစာ၊ ဆေးဝါးအကူအညီ၊ နားခိုနေရာစသည့် ကိစ္စရပ်များအတွက် လိုအပ်သည့် အမေရိကန်ဒေါ်လာ ၆၈၂သန်းကို လှူဒါန်းကြရန် လွန်ခဲ့သည့်သုံးလကပင် မေတ္တာရပ်ခံခဲ့ကြောင်း ၎င်းကပြောကြားသည်။ ယင်းပမာဏမှာ နေ့စဉ် လူတစ်ဦးစီအတွက် အမေရိကန်ဒေါ်လာ ၀ဒသမ ၁၈နှင့် ညီမျှကြောင်း ၎င်းက ထောက်ပြသည်။

ထုတ်ပြန်

ယခုအချိန်အထိ အလှူရှင်များက ၁၃ရာခိုင်နှုန်းမျှသာ လှူဒါန်းခဲ့ကြကြောင်း ကုလသမဂ္ဂရုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုညှိနှိုင်းဆောင်ရွက်ရေးဌာနမှ ရှိ့စ်မောင်းတိန်းက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဂျာမနီနိုင်ငံ ဘရီမန်မြို့၌ ကျင်းပသည့် ကမ္ဘာ့ဝါရင့်စားပွဲတင်တင်းနစ်သမားများ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ အသက် (၉၄)နှစ်ရှိ ယူကီအူချီဒါ ပါဝင်ယှဉ်ပြိုင်နေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စက်များဖျက်ဆီး

တရုတ်နိုင်ငံ ကျီကျန်းပြည်နယ် တိုင်ကျိုမြို့တွင် လောင်းကစားရာ၌ အသုံးပြုသော စက်များအား တာဝန်ရှိသူများက မေ ၁၅ရက်၌ ဖျက်ဆီးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိုစမာဘင်လာဒင် အသက်ရှင်လျက်ရှိနေသေး

ဘာလင် မေ ၁၆

အိုစမာဘင်လာဒင်သည်အာဖဂန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ၌ အသက်ရှင်လျက်ရှိကြောင်း၊ သို့ရာတွင် ပါကစ္စတန်အာဏာပိုင်များက ၎င်းအား ဖမ်းမိရန် ထိရောက်စွာဆောင်ရွက်ခြင်းမရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံခြားရေး ဝန်ကြီး၏ ပြောကြားချက်ကို ရိုက်တာက မေ ၁၃ရက်၌ ကိုးကားဖော်ပြသည်။

အယ်လ်ကေဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် ပါကစ္စတန်တွင် အမှန်တကယ်ပင် အသက်ရှင်လျက်ရှိနေကြောင်း၊ အာဖဂန်နိုင်ငံခြားရေးဝန်ကြီး ရန်ဂျင်းဒက်ဖာစပန်တာနှင့် ဂျာမနီသတင်းစာ ဘီလ်အမ်ဆွန်တက်က တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် တောင်သူများအား အာဖဂန်အစိုးရ တိုက်တွန်း

ကဘူးလ် မေ ၁၆

အာဖဂန်နစ္စတန်အစိုးရက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအဖြစ် ဘိန်းစိုက် တောင်သူများအား အမေရိကန်ဒေါ်လာ သန်း ၃၀ကို ခွဲဝေပေးခဲ့ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက မေ ၁၃ရက်တွင် ပြောကြားသည်။

အမေရိကန်ဒေါ်လာသန်း ၃၀ ကို ဘိန်းစိုက်တောင်သူများ၏ ဘဝကို ပြောင်းလဲရေးအတွက် ထောက်ပံ့ပေးရန်လျာထားကြောင်း၊ ယင်းတို့အား ဘိန်းစိုက်ပျိုးမှု ရပ်တန့်ရန်လည်း တိုက်တွန်းကြောင်း ဇယ်မိုင်အက်ဖ်ဇာလီက သတင်းစာ ဆရာများအား ပြောကြားသည်။

တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ရပ်တန့်ပြီး စိုက်ပျိုးပြီးဘိန်းခင်းများကိုလည်းဖျက်ဆီးပစ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် အထက်ပါငွေကြေးဖြင့် ဘိန်းစိုက်ပျိုးမှုရပ်တန့်အောင်ဆောင်ရွက်ရန် လုံလောက်မှုမရှိသေးကြောင်း၊ နိုင်ငံတကာအကူအညီများ ပိုမိုလိုအပ်နေကြောင်း အဆိုပါပြောခွင့်ရ ပုဂ္ဂိုလ်က ပြောကြားသည်။

မိမိတို့သည် ယခုနှစ်မကြာသေးမီကာလက ဘိန်းစိုက်ခင်း ဟက်တာ ၈၄၅၀ကို ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးရန်တိုက်တွန်းခဲ့ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တန်ဇန်းနီးယားပြည်သူ ၁၉သန်း ငှက်ဖျားရောဂါခံစားနေကြရ

ဒါအက်ဆလမ် မေ ၁၆

တန်ဇန်းနီးယားနိုင်ငံတွင် နှစ်စဉ် ငှက်ဖျားရောဂါခံစားရသူ ၁၉ သန်းအထိ မြင့်တက်လာပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ ၁၀၀၀၀၀ခန့်သေဆုံးနေရကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် ယူအင်န်ဒီပီ၏ အစီရင်ခံစာ၌ ဖော်ပြသည်။

ငှက်ဖျားရောဂါကြောင့် သေဆုံးရသူ လူ ၁၀၀၀၀၀တွင် အများစုမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း မေ ၁၂ ရက်က ဒါအက်ဆလမ်ရှိ ယူအင်န်ဒီပီရုံး ကြေညာချက်တွင် ဖော်ပြသည်။

တန်ဇန်းနီးယားနိုင်ငံတွင် ၂၀၀၂ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၄ ဒသမ ၄ သန်းရှိသည်။

ဆေးရုံများရှိ ပြင်ပလူနာအားလုံး၏ သုံးပုံတစ်ပုံသည် ငှက်ဖျားရောဂါနှင့် ဆက်စပ်နေသည့် ဝေဒနာရှင်များဖြစ်ကြသည်။

ငှက်ဖျားရောဂါသည် တန်ဇန်းနီးယားနိုင်ငံ၌ အလုပ်မှပြန်လာသော အလုပ်သမားများနှင့် ကျောင်းမှ ပြန်လာသော ကလေးများအား နေ့စဉ် ခြိမ်းခြောက် နှောင့်ယှက်မှုကို ခံနေရသည်ဟူ၍လည်း ၎င်းယူအင်န်ဒီပီ အစီရင်ခံစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်အရှေ့တောင်ပိုင်းရှိ ဈေးတစ်ဈေး၌ ဗုံးပေါက်ကွဲ ငါးဦးသေဆုံး၊ ၁၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၆

ဘဂ္ဂဒက်အရှေ့တောင်ပိုင်းရှိ လူစည်ကားသောဈေးတစ်ဈေးတွင် မေ ၁၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် လူငါးဦးသေဆုံးခဲ့ပြီး၊ ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယင်းပေါက်ကွဲမှုသည် နံနက် ၁၁နာရီခန့်တွင် ဟင်းသီးဟင်းရွက်ဈေးအတွင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသို့ သတင်းပေးပို့ခဲ့သည်။

ထိုအချိန်အတွင်းမှာပင် ဘဂ္ဂဒက်မြို့လယ်ရှိ ပါလက်စတိုင်းလမ်းတွင် ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုတွင် တစ်ဦးသေဆုံးပြီး၊ ၁၁ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနသတင်းတွင် ဖော်ပြထားသည်။

ထိုနေ့အစောပိုင်း နံနက် ၉နာရီ မိနစ် ၃၀တွင် ရဲကင်းလှည့်ယာဉ်တစ်စီးအား ပစ်မှတ်ထား၍ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ ပေါက်ကွဲမှုကြောင့် အနီးမှဖြတ်သန်းသွားသော မီနီဘတ်စ်ကားကို ထိမှန်ခဲ့သဖြင့် အရပ်သားလေးဦးသေဆုံးပြီး၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေလွှမ်းမိုး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက်ရှိ မင်ဒိုဂိုပြည်နယ်တွင် မုန်တိုင်းကျရောက်ပြီးနောက် ရေလွှမ်းမိုးနေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ လေ့ကျင့်ရေးလေယာဉ်တစ်စင်းပျက်ကျ

မနီလာ မေ ၁၆

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးအပြည်ပြည်ဆိုင်ရာ လေဆိပ်ပြေးလမ်းအလွန်တွင် လေ့ကျင့်ရေးလေယာဉ် တစ်စင်း မေ ၁၃ ရက်ကပျက်ကျခဲ့ကြောင်း အဆိုပါလေယာဉ်မှ လေယာဉ်မှူးမှာ ဒဏ်ရာရရှိခဲ့ကြောင်း စီဘူးမှလာသော သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဒဏ်ရာအနည်းငယ်ရရှိ

ထိုလေ့ကျင့်ရေး လေယာဉ်မှာ အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ် တစ်စင်းဖြစ်ပြီး မေ ၁၃ရက် ညနေ ၃နာရီ မိနစ်၅၀ က စီဘူးလေဆိပ် လေယာဉ် ပြေးလမ်းပေါ် အဆင်း ပျက်ကျခဲ့ခြင်း ဖြစ်သည်။ လေယာဉ်မှူးမှာ ဒဏ်ရာ အနည်းငယ်ရရှိသည်မှ လွဲ၍ ဘေးကင်းစွာ ထွက်လာနိုင်ခဲ့သည်။

လေ့ကျင့်မောင်းနှင်

အဆိုပါလေယာဉ်မှာ ဖိလစ်ပိုင်နိုင်ငံလေကြောင်းပျံသန်းရေးဆိုင်ရာ ကျောင်းမှ လေယာဉ်ဖြစ်ပြီး တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လေယာဉ်မောင်းသင်တန်းသားနှစ်ဦး လိုက်ပါလေ့ကျင့်မောင်းနှင်နေသည့်လေယာဉ် ဖြစ်သည်။

လေ့ကျင့် ပျံသန်းပြီးနောက် မြေပြင်သို့ပြန်ဆင်းရာတွင် အရှိန်မထိန်းနိုင်မှုကြောင့် ယခုကဲ့သို့ဖြစ်ရခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် ဟွန်ဒါမော်တော်ယာဉ်တစ်စီးလည်း ပျက်စီးသွားသည်။

ထိခိုက်ဒဏ်ရာရမှုမရှိ

အဆိုပါဟွန်ဒါမော်တော်ယာဉ်မှာ နေအိမ်သို့ပြန်လာသည့်အချိန်တွင် ယာဉ်မောင်းအနေဖြင့် ပျက်ကျလာသောလေယာဉ်ကို ၁၀ ပေအကွာရောက်မှ တွေ့ရှိရခြင်းဖြစ်၍ တိုက်မိခဲ့ခြင်းဖြစ်သည်။ ၎င်းယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကြက်ငှက်တုပ်ကွေးရောဂါ နှိမ်နင်းနိုင်မှုကြောင့် ကုလသမဂ္ဂက ထိုင်းနှင့်ဗီယက်နမ်ကို ချီးကျူး

ကုလသမဂ္ဂ မေ ၁၆

ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ခြိမ်းခြောက်နေမှုကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းအတွက် မိမိအားတက်ဝမ်းမြောက်မိကြောင်း ကုလသမဂ္ဂ ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူ ဒေးဗစ်နာဗာရိုက ပြောကြားသည်။



ကုလသမဂ္ဂ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူ ဒေးဗစ်နာဗာရို။

၎င်းတို့၏ နမူနာဆောင်ရွက်ချက်များသည် အခြားနိုင်ငံများအတွက်ပါ အားတက်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လျော့နည်းနေ

မည်သို့ဆိုစေ အဆိုပါ $H_5 N_1$ ကြက်ငှက်တုပ်ကွေး ရောဂါဆိုးသည် အိန္ဒိယနှင့် အာဖရိကနိုင်ငံများတွင် ကျန်ရှိနေဆဲဖြစ်ကြောင်း၊ဆိုးရွားသည့် လက္ခဏာတစ်ရပ်ဖြစ်သော်လည်း လူကို ကူးစက်သည့် ခြိမ်းခြောက်ဖြစ်ပေါ်မှုကမူ လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း မစ္စတာနာဗာရိုက ပြောကြားသည်။

ပြည်တွင်း၌ ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများကို တုန့်ပြန်ရာတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများကို အမှန်ပင် ကျေနပ်အားရမှု ရှိကြောင်း၊ ခေါင်းဆောင်မှု၊ အစိုးရ အရာရှိများ၏ ထူးခြား ပြောင်မြောက်စွာ စွမ်းဆောင်နိုင်မှုနှင့် အဖွဲ့အစည်း အသီးသီးရှိ လူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများက ကြက်ငှက်တုပ်ကွေး ရောဂါ လျော့ကျမှုကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း အခြားနိုင်ငံများက ယင်းသို့သော စွမ်းဆောင်ခြင်းမျိုး ရှိကြရန် လိုလားကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲ လာမည့်နှစ်လယ်၌ နုတ်ထွက်မည်ဟုဆို

လန်ဒန် မေ ၁၆

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ၂၀၀၇ ခုနှစ် နှစ်လယ်တွင် ၎င်းကိုယ်တိုင် နုတ်ထွက်မည့် ရက်စွဲကို ကြေညာမည် ဖြစ်ကြောင်း အတွင်းပိုင်း ဝန်ကြီးအဖွဲ့ဝင်များအား ပြောကြားလိုက်ကြောင်း ဗြိတိသျှဆန်းဒေးသတင်းစာ၌ ဖော်ပြသည်။

ဘလဲသည် လာမည့်နှစ် ဒေသဆိုင်ရာရွေးကောက်ပွဲများနှင့် လေဘာပါတီ နှစ်ပတ်လည်အစည်းအဝေး အကြားတွင် နုတ်ထွက်ရန် ဆုံးဖြတ်ထားကြောင်း ဆန်းဒေးသတင်းစာများက ဖော်ပြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အင်ဒီပင်းဒင့်ဆန်းဒေးက မေးမြန်းချက်ကို အမည်မသိ ဝန်ကြီးအဖွဲ့ဝင်တစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ညောင်ပင်ပန်းချီကား

ကမ္ဘာ့အကြီးမားဆုံး ညောင်ပင်ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။

(အောက်ပုံ)

တရုတ်နိုင်ငံ တောင်ပိုင်း ဖူကျန်ပြည်နယ် ကွမ်ကျိုးမြို့တွင် အသက် ၄၉နှစ်အရွယ်ရှိ တရုတ်အမျိုးသားကြီးတစ်ဦးက ယမ်းမှုန့်များကို ဆေးအဖြစ် အသုံးပြုကာ အမြင့် ၁၈မီတာ အကျယ်၉မီတာရှိသော ညောင်ပင်ကြီးတစ်ပင်၏ ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့ရာ ၎င်းပန်းချီကားသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ညောင်ပင်ပန်းချီကားတစ်ချပ်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကြိုးတန်းပေါ် လမ်းလျှောက်ပြသူ

ကြိုးတန်းပေါ်တွင် လမ်းလျှောက်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောင်ကိုရီးယားနိုင်ငံသား ကွမ်ဝမ်တေးက ကြိုးတန်းပေါ်၌ မည်သည့်အကူအညီမျှ မပါဘဲ ယပ်တောင်တစ်ချောင်းကိုင်ကာ အခက်အခဲမရှိလမ်းလျှောက်ပြနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းများကျရောက်

ဒါကာ မေ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသက်မုန်တိုင်းများကျရောက်ပြီး မိုးကြိုးပစ်ခဲ့သဖြင့် အနည်းဆုံးလူ ၁၀ ဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ရာသီဥတုဆိုင်ရာ တာဝန်ရှိသူများက မေ ၁၃ ရက်က ပြောကြားသည်။

တွေ့ကြုံခံစား

မြို့တော်ဒါကာတွင် မိုးရေချိန် ၂လက်မကျော်အထိ စံချိန်တင်ခဲ့ခြင်း အပါအဝင် ပြီးခဲ့သော သောကြာနေ့က ယခုနှစ်၏ အပြင်းထန်ဆုံးမိုးရွာသွန်းမှုကို တွေ့ကြုံ ခံစားခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

သေဆုံးရ

သေဆုံးသူများသည် ဒါကာမြို့ပြင်ရှိဒေသများမှ ဖြစ်ကြပြီး များသောအားဖြင့် တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြင့် မုန်တိုင်းများတိုက်ခတ်စဉ်မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။

လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် နေအိမ်များစွာ လဲပြိုခဲ့ပြီး စိုက်ပျိုးသီးနှံများ ပျက်စီးကာ သစ်ပင်များနှင့်ဓာတ်တိုင်များ ပြိုလဲသွားခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဗြိတိသျှလူစွန့်စားတစ်ဦး ရေခဲမြစ်တွင်း ရေကူး၍ ကမ္ဘာ့စံချိန်တင်

အော်စလို မေ ၁၆

ဗြိတိသျှ လူစွန့်စားတစ်ဦးသည် နော်ဝေတောင်တန်းများကြားရှိ အရှည် ၁ဒသမ၂ ကီလိုမီတာရှည် ရေခဲလုနီးပါးဖြစ်နေသော ပင်လယ်ရေဝင်လမ်းကြောရှိ အရှည်ဆုံး ရေခဲမြစ်ထဲတွင် ရေကူးခြင်းဖြင့် မေ ၁၂ရက်က ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်ဟု ရိုက်တာ၌ ဖော်ပြသည်။

ပြောကြား

သာမန်လူတစ်ဦးအနေဖြင့် ရေထဲခုန်ချပြီး မိနစ်ပိုင်းအတွင်း ရေခဲပြီးသေဆုံးသွားနိုင်ကြောင်း၊ သို့ရာတွင် လူးဝစ်ဂေါ်ဒွန်ပတ်သည် အဆိုပါရေခဲမြစ်ကို ၂၃ မိနစ်နှင့် စက္ကန့် ၅၀ဖြင့် ကူးခတ်ကာ ကမ္ဘာ့ စံချိန်ချိုးနိုင်ခဲ့ကြောင်း သိရသည်။ မိမိသည် အခက်ခဲဆုံး ရေခဲမြစ်တွင် အောင်မြင်စွာ ကူးခတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ၎င်းက ရိုက်တာသို့ ဖုန်းဖြင့်ပြောကြားသည်။

ခက်ခဲ

လူ၏ ခန္ဓာကိုယ်သည် ရေငန်ထက်ရေချိုတွင် ပေါလောပေါ်မှု နည်းပါးသည်။ အဆိုပါ ပုဂ္ဂိုလ်ကူးခဲ့သောရေပြင်မှာ ရေချိုဖြစ်၍ ပို၍ ခက်ခဲသည်ဟု ၎င်းကဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် မေ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စဗစ်ကိဘိုးမန်း၏နေရာတွင် မစ္စတာ မာ့(ခ်)ကန်းနင်းအား ခန့်အပ်ရန် ဗြိတိသျှအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မာ့(ခ်)ကန်းနင်းသည် ၁၉၇၄ ခုနှစ်မှစ၍ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ခဲ့ပြီး ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီးတွင်လည်းကောင်း၊ ဖရီးတောင်းမြို့၊ ဂျော့တောင်းမြို့၊ ချီကာဂိုမြို့နှင့် ဂျကာတာမြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် မဟာမင်းကြီးရုံးများတွင် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် အမှုထမ်းခဲ့သည်။ လောလောဆယ်တွင် မစ္စတာ မာ့(ခ်)ကန်းနင်းသည် မလေးရှားနိုင်ငံ ဗြိတိသျှမဟာမင်းကြီးရုံး၌ သံရုံး ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာ့(ခ်)ကန်းနင်းသည် ပြင်သစ်၊ အင်ဒိုနီးရှားနှင့် စပိန်ဘာသာစကားများတတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကင်းပညာရေးကောလိပ် အလယ်တန်းဆရာအတတ် စာပေးစာယူတစ်နှစ်သင်တန်းဆင်း

ရန်ကုန် မေ ၁၆

ပညာရေးဝန်ကြီးဌာန ရန်ကင်း ပညာရေးကောလိပ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အလယ်တန်းဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်းအမှတ်စဉ် (၁၁) ပထမအကြိမ် အနီးကပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကင်း ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ရန်ကင်း ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးမဲအောင်က တန်းခွဲအလိုက် သင်တန်းသူ၊ သင်တန်းသား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်၊ ရန်ကင်း ပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

၁၁၇၁ ဦး

အလယ်တန်းဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်း အမှတ်စဉ် (၁၁) ပထမအကြိမ် အနီးကပ်သင်တန်းကို ရန်ကင်း ပညာရေးကောလိပ်၌ ဧပြီ ၁၉ ရက်မှ စတင်ဖွင့်လှစ်ပို့ချရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန (ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်)တို့မှ လုပ်ငန်းခွင် တာဝန်ထမ်းဆောင်နေသော (အလယ်တန်းပြနှင့် မူလတန်းကျောင်းအုပ်) ဆရာ ဆရာမ ၆၈၉ ဦး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်)မှ ဆရာ ဆရာမ ၄၈၂ ဦး စုစုပေါင်း ၁၁၇၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်ဆေးပညာကောင်စီ ဖွဲ့စည်းမည် ရွေးချယ်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်

ရန်ကုန် မေ ၁၆

တတိယအကြိမ် တိရစ္ဆာန် ဆေးပညာကောင်စီကိုဖွဲ့စည်းရန် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)နှင့် တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(ခ)နှင့် (ဂ)တို့အရ ကောင်စီဝင် ခုနစ်ဦး ရွေးချယ်တင်မြှောက်ရာ၌ ရွေးချယ်တင်မြှောက်ခံရန် ဆန္ဒရှိသော မှတ်ပုံတင် တိရစ္ဆာန်ဆေးကုဆရာဝန်များသည် နည်းဥပဒေ ၆ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အမည်စာရင်းတင်သွင်းနိုင်ရန် အမည်စာရင်း တင်သွင်းလွှာပုံစံ(၂)ကို ရန်ကုန်မြို့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံးနှင့် ပြည်နယ်၊ တိုင်း တိရစ္ဆာန် ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့တွင် ၂၀၀၆ ခုနှစ် ဇွန် ၇ ရက်မှ ၁၂ ရက်အတွင်း ရယူနိုင်ပြီး ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံး ဖုန်း-၆၄၄၃၀၈ သို့ ၂၀၀၆ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ပြောင်းလဲလာသော ရာသီဥတုကြောင့် လူသန်းပေါင်းများစွာ သေကျေပျက်စီးဖွယ်ရှိ

ရာစုနှစ်မကုန်မီ ရာသီဥတုပြောင်းလဲခြင်းကြောင့် အာဖရိကတိုက် တစ်တိုက်တည်းပင် လူ၁၈၄သန်း သေကျေဖွယ်ရှိကြောင်း ခရစ္စတီယန် အကူအညီပေးရေးအဖွဲ့က သတိပေး ပြောကြားလိုက်သည်။

ရာသီဥတုပြောင်းလဲခြင်းတွင် ရေကြီးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ မိုးခေါင်ခြင်းနှင့် ဆင်းရဲမှုလျှော့ချရေးတွင် ပါဝင်သည့် ပဋိပက္ခများပါဝင်ကြောင်း အဆိုပါအဖွဲ့က ပြောကြားလိုက်သည်။

နေစွမ်းအင်

ချမ်းသာသောနိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံများအား နေစွမ်းအင်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်နည်းပညာ အကူအညီပေးရမည်ဖြစ်ကြောင်းလည်း ၎င်းအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြသည်။

ရာသီဥတုအပြောင်းအလဲကိစ္စရပ်များ ဆွေးနွေးရန်အတွက် ဂျာမနီနိုင်ငံ ဘွန်းမြို့၌ နိုင်ငံပေါင်း ၁၉၀ မှ ကျွမ်းကျင်ပညာရှင်များ မကြာမီ လာရောက်ကြမည်ဖြစ်ကြောင်းလည်း အဆိုပါအစီရင်ခံစာက ဖော်ပြသည်။

ချမ်းသာသောနိုင်ငံများက တွင်းထွက်လောင်စာဆီများကို မှီခိုမှုအဆုံးသတ်ပြီး ဆင်းရဲသော နိုင်ငံများအား လေစွမ်းအင်၊ နေစွမ်းအင်နှင့် ဒီလှိုင်းစွမ်းအင်များကိုဖွင့်ပေး၍ အကူအညီပေးရမည်ဖြစ်ကြောင်းလည်း ယင်းအစီရင်ခံစာက ဖော်ပြသည်။

ဖော်ပြ

ဆင်းရဲသောပြည်သူများအနေဖြင့် ချမ်းသာသောနိုင်ငံများ၏ ညှိနှိုင်း ကူညီဆောင်ရွက်မှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ သဲကန္တာရများ ကျယ်ပြန့်လာမှုနှင့် ရေကြီးမှု၊ ဟာရီကိန်းမုန်တိုင်းများ မကြာခဏဖြစ်ပေါ်တိုက်ခတ်မှုများကို ပူးပေါင်းဆောင်ရွက်ရန် အစီရင်ခံစာ၌ ဖော်ပြသည်။

အာဖရိက ဆာဟာရဒေသခွဲတစ်ခုလုံး နေရောင်ခြည်စွမ်းအင် စီးပွားရေးဖြစ်လာစေရန်အတွက် ဒေါ်လာ ဘီလီယံ ၅၀ ခန့် ကုန်ကျနိုင်ကြောင်းလည်း ဆက်လက်ဖော်ပြသည်။

ခန့်မှန်း

မကြာသေးမီက သိပ္ပံပညာရှင်များက ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကမ္ဘာ့အပူချိန်သည် သုံးဒီဂရီအထိ မြင့်တက်လာမည်ဟူ၍လည်း ခန့်မှန်းတွက်ချက်ထားသည်။

တွက်ဆ

ရေကြီးမှု၊ မိုးခေါင်မှုနှင့် ငှက်ဖျား သယ်ဆောင်ခြင်းများကြောင့် သေဆုံးမှုများ အလွန်များပြားလာနိုင်ကြောင်းလည်း သိပ္ပံပညာရှင်များက တွက်ဆထားသည်။

(ကိုးကား-အင်တာနက်)

ဗင်နွာတူနိုင်ငံတွင် မီးတောင်ပေါက်ကွဲ

ဗင်နွာတူနိုင်ငံ မာလမ်ပါပြည်နယ် လိုပီဗီတောင်တန်းပေါ်ရှိ မီးတောင်တစ်ခု မေ ၁၅ ရက်က စတင်ကာ ပေါက်ကွဲလျက်ရှိကြောင်း၊ ၎င်းမီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ရှိသော ပြာမှုန့်များမှာ အနီးဝန်းကျင်ရှိ တောင်များပေါ်သို့ ကျရောက်ပျံ့နှံ့လျက်ရှိကြောင်း ဗင်နွာတူနိုင်ငံ အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာရုံးမှ မေ ၁၅ ရက်က ပြောကြားသည်။

သွားရောက်နေဆဲ

မီးတောင်ပေါက်ကွဲမှုအနေအထားကို မသိရသေးကြောင်း၊ ကျွမ်းကျင်သူများအနေဖြင့် မီးတောင်ပေါက်ကွဲရာဒေသသို့ သွားရောက်နေကြဆဲဖြစ်ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်ပေါ်ခဲ့

မီးတောင်ပေါက်ကွဲမှုကို အနီးဝန်းကျင်ရှိ အမ်ဘရမ်နှင်ပါရာမာတောင်များ၌ အနည်းငယ်ခံခဲ့ရသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း ဗင်နွာတူနိုင်ငံရှိ အမ်ဘေးတောင်တန်းရှိ မီးတောင်တစ်ခုပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ရွှေ့ပြောင်းပေးခဲ့

ထိုသို့ မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံကျေးရွာသားများအား ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

တောင်ပစိဖိတ်ဒေသတွင်ရှိသော ဗင်နွာတူနိုင်ငံသည် ကျွန်းစုနိုင်ငံဖြစ်ပြီး မီးတောင်ပေါများရာ နိုင်ငံဖြစ်သည်။ အချို့မီးတောင်များသည် မီးတောင်ရှင်များဖြစ်ပြီး အမြဲလှုပ်ရှားလျက်ရှိသည်။ **(ကိုးကား-အင်တာနက်)**

ပန်းချီဆရာ ၁၄ ဦးတို့ ခြယ်မှုန်းခံစားသော လှိုင်အနုရသ ပန်းချီပြပွဲ

ကြည့်ရှုလေ့လာတင်ပြသူ – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံလက်စွမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

မြန်မာ့ပန်းချီပညာသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အနေအထားရှိသည်။ မြန်မာ့ပန်းချီပညာရှင်များ၏ကြိုးစားအားထုတ်မှုများကြောင့် မြန်မာ့ပန်းချီအရည်အသွေးနှင့် အဆင့်အတန်းတစ်နေ့တခြားတိုးတက်မြင့်မားလာလျက်ရှိရာ လက်ရာမြောက်သော ပန်းချီကားများ အံ့သြဖွယ်ရာ တွေ့မြင်နေရပြီဖြစ်သည်။

ထိုသို့လက်ရာမြောက်သောပန်းချီကားများစုစည်းပြသထားရာ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းပညာရှင်များ(ဗဟို)ပြခန်းရှိ **“လှိုင်အနုရသပန်းချီပြပွဲ”**သို့ မြန်မာ့အလင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ကြည့်ရှုခံစား

လှိုင်အနုရသ ပန်းချီပြပွဲသည် ရန်ကုန်မြို့ လှိုင်မြို့နယ်မှ ပန်းချီဆရာ ၁၄ ဦးတို့၏ ပန်းချီကားပေါင်း ၉၀ ခန့်ပြသထားရာ မြန်မာမှု၊ မြန်မာဟန်များထုံလွှမ်းနေသောလက်ရာမြောက် ပန်းချီကားများကို တစ်ဝကြီး ကြည့်ရှုခံစားရသည်။

ပြခန်းတွင် ပန်းချီဆရာလှသိမ်းအောင် ရေးဆွဲသည့် **“ဘုန်းတော်ကြီးကျောင်း”** အမည်ရှိ ပန်းချီကားမှာ ကြည့်သူအမြင်ကို ထင်းခနဲနေအောင် ဖမ်းစားနိုင်သည့်ပန်းချီကားဖြစ်သည်။ ရေဆေးပန်းချီကားဖြစ်ပြီး မြန်မာလူမျိုးတို့၏ဘာသာရေးအပေါ်ယုံကြည်သက်ဝင်မှုနှင့် ဘုန်းတော်ကြီးကျောင်းများကို အမြဲဝင်ထွက်သွားလာ ဆည်းကပ်မှုအပြင် သာသနာနှင့် ဒါယကာတို့ အမြဲတမ်းလက်တွဲဆောင်ရွက်နေမှုကို ထိမိသောရေးဆွဲဟန်ဖြင့် ဖော်ကျူးထားရာ ပန်းချီကားကောင်းတစ်ချပ်ဖြစ်သည်။

ရိုးရာမောင်ရေးဆွဲသည့် လယ်ထွန်မင်္ဂလာအမည်ရှိ ပန်းချီကားမှာလည်း ရှေးခေတ်မြန်မာဘုရင်တို့၏ လယ်ထွန်မင်္ဂလာအခမ်းအနား ကျင်းပပုံကို ပြန်လည်မြင်ယောင်လာစေသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အခင်းအကျင်း

ပန်းချီဆရာ တစ်ဦးနှင့်တစ်ဦး စိတ်ကူးနှင့် ရေးဆွဲဟန်တို့ ကွဲပြားလျက်ရှိရာ ရိုးရာမောင်ရေးဆွဲသည့် **“လယ်ထွန်မင်္ဂလာ”** အမည်ရှိ ပန်းချီကားမှာလည်း တစ်မျိုးတစ်ဘာသာ အမြင်ဆန်းနေသည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး ရှေးခေတ်မြန်မာဘုရင်တို့၏ လယ်ထွန်မင်္ဂလာ အခမ်းအနားကျင်းပပုံကို မြန်မာတို့၏ ရှေးခေတ်ပန်းချီဟန်အတိုင်း ရေးဆွဲထားခြင်းဖြစ်ရာ အခြားပန်းချီကားများအလယ်တွင် ဆန်းသစ်နေသည်။ မြန်မာဘုရင်များ လယ်ထွန်မင်္ဂလာဆင်းပုံကို စာတွေ့ခဲ့သူများအတွက် ပါဝင်သည့် အခမ်းအနား အခင်းအကျင်းများကို ပြည့်စုံစွာထည့်သွင်းရေးဆွဲထားရာ ကြည့်ရှုသူကို ဗဟုသုတတိုးပွားစေမည်ဖြစ်သည်။

စစ်ကိုင်းတောင်



ပန်းချီဆရာ ဝင်းမြင့်မိုး၏ စစ်ကိုင်းတောင်အမည်ရှိ ဆီဆေးပန်းချီကားမှာ ကြည့်ရှုသူများအတွက် စိတ်ဘဝင်၌ အေးချမ်းမှု ခံစားရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပန်းချီဆရာဝင်းမြင့်မိုး၏ စစ်ကိုင်းတောင် ဆီဆေးပန်းချီကားမှာ စစ်ကိုင်းတောင်မှသီလရှင်တစ်ဦး တောင်တစ်ခုပေါ်ရှိ ကျောင်းတစ်ကျောင်းပေါ်သို့ တက်လှမ်းနေသည့်ပုံ ဖြစ်သည်။ ပန်းချီကားကိုကြည့်ရင်း ပူပင်သောကမှုများနှင့် လွှမ်းနေသော လောကီအလုပ်များကို စွန့်ခွာပြီး ဗုဒ္ဓတရားအရိပ်သို့အရောက်လှမ်းနေသော သီလရှင်ကိုကြည့်ကာ တရားသဘော၏ အေးချမ်းမှုကို ခံစားမိသည်။ အလင်းများကို အရောင်များဖြင့် အမိအရဖမ်းပြီး ရေးဆွဲထားဟန်မှာ ကြည့်ရှုသူကို မင်သက်မိအောင် ဆွဲဆောင်နိုင်စွမ်းသည်။

ခြယ်မှုန်း



ပန်းချီဆရာမ ဒေါက်တာခင်မေကြည် ရေးဆွဲထားသည့် **“အင်းလေး”** အမည်ရှိ ပန်းချီကားမှာ ဆီဆေးပန်းချီကားဖြစ်သည်။ အင်းလေးကန်တွင် မိုးအုံ့နေသည့်အချိန်၌ မြင်တွေ့ရသည့် သဘာဝမြင်ကွင်းကို ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးဆွဲထားနိုင်ရာ ပန်းချီကားရှေ့၌ အတန်ကြာ ငေးမောရသည်အထိ ဆွဲဆောင်နိုင်လွန်းသည်။ အင်းလေးကန်၏ သဘာဝအလှ၊ အင်းသားတို့ နေထိုင်သွားလာမှုဓလေ့၊ တောင်တန်း၊ တိမ်တို့၏ အရိပ်များ ပါမကျန် အရောင်များဖြင့် ပိုင်ပိုင်နိုင်နိုင် ရေးဆွဲ ဖော်ကျူးထားရာ အင်းလေးကန်၏ ရှုခင်းကို ကိုယ်တိုင်မြင်တွေ့ကြည့်ရှုနေရသလို ခံစားရလေသည်။ အပြာရောင်လွှမ်းသောရေပြင်ကို အရောင်ဖြင့် အမိအရ ခြယ်မှုန်းထားသည်မှာ နှစ်သက်ဖွယ်ကောင်းလှသည်။

အပြာရောင်လွှမ်းသောရေပြင်ကို အရောင်ဖြင့် အမိအရ ခြယ်မှုန်းထားသည့် ပန်းချီဆရာမ ဒေါက်တာခင်မေကြည် ရေးဆွဲထားသော အင်းလေးအမည်ရှိ ဆီဆေးပန်းချီကား၏ အလင်းအမှောင် အဝေးအနီး။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အိမ်သုံးဆားအသုံးပြု

ဆန်းသစ် တီထွင်ထားသော ရေးဟန်၊ လွတ်လပ်သော ခံစားဖန်တီးမှုများဖြင့် ရေးဆွဲထားသော ပန်းချီဆရာ မင်းမြင့်ခိုင်၏ **“မြင်ကွင်း”**ပန်းချီကားမှာဖန်တီးမှုအသစ်များကိုတွေ့ရသည်။ ခိုငှက်လေးနှစ်ကောင်အစာစားနေပုံမှာ ရိုးစင်းသော်လည်း နောက်ခံအရောင်နှင့် ရေးဆွဲမှုများမှာ မည်သည့်ပန်းချီဆရာမျှ မသုံးသေးသည့် အိမ်သုံးဆားကို အသုံးပြုရေးဆွဲထားခြင်းဖြစ်သည်။ နောက်ခံအရောင်များကို အိမ်သုံးဆားပျော်ဝင်မှုကြောင့် အရောင်လျှော့ချသည့် စနစ်ကို တီထွင်ရေးဆွဲထားခြင်းဖြစ်ရာ အမြင်အာရုံ အပြောင်းအလဲဖြစ်ပြီး ပန်းချီဆရာ၏ စိတ်ကူးကို လေးစားစိတ် ဖြစ်ပေါ်ရသည်။

ပန်းချီဆရာ မင်းမြင့်ခိုင်၏ မြင်ကွင်းပန်းချီကားတွင် ဖန်တီးမှုအသစ်များကို တွေ့မြင်ခံစားနိုင်သည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လှုပ်ရှားမှု

လူမှုဘဝ ရန်ကုန်လှုပ်ရှားမှုကို ထိထိမိမိရေးဆွဲထားသည့် ပန်းချီဆရာ မောင်မောင်တင့်၏ **“ကွမ်းရွက်ဈေး”** အမည်ရှိ ပန်းချီကားမှာ ဆီဆေးပန်းချီကားဖြစ်သည်။ ဝမ်းရေးအတွက် ကွမ်းရွက်ရောင်းချနေသူဖြစ်သော်လည်း မိမိပစ္စည်းကို ဝယ်ယူသူများစိတ်ဝင်စားအောင် ပြင်ဆင်ထားပုံကို ရေးဆွဲထားခြင်းဖြစ်သည်။ ကွမ်းရွက်များကို ခင်းကျင်းပြီး ရောင်းချနေပုံမှာ အသက်ဝင်လှသဖြင့် မိမိရှေ့တွင် ကွမ်းရွက်ရောင်းနေသူရောက်ရှိနေသကဲ့သို့ ခံစားရသည်။

မြန်မာပန်းချီဆရာတို့၏ လက်ရာကောင်းပန်းချီကားများကို တစ်နေရာတည်းစုစုစည်းစည်း တွေ့မြင်ခံစားရမည့် **“လှိုင်အနုရသပန်းချီပြပွဲ”**ကို မေ ၁၂ရက်မှ ၂၀ ရက်အထိ ခင်းကျင်းပြသထားပေရာ ပန်းချီအနုပညာကို မြတ်နိုးတန်ဖိုးထားသော ပန်းချီချစ်သူတို့ တသသ စွဲမက်ခံစားကြရမည့် ပြပွဲတစ်ခုအဖြစ် လေ့လာခံစား တင်ပြရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာတို့၏ ဘာသာရေးအပေါ် ယုံကြည်သက်ဝင်မှုနှင့် ဘုန်းတော်ကြီးကျောင်းများသို့ အမြဲဝင်ထွက်သွားလာဆည်းကပ်မှုကို ဖော်ကျူးထားသော ပန်းချီဆရာ လှသိမ်းအောင်ရေးဆွဲသည့် ဘုန်းတော်ကြီးကျောင်း ရေဆေးပန်းချီကား၏ ရသပေးစွမ်းမှု။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လွယ်ကူသောကုသနည်းဖြစ်သည့်အပြင် ရောဂါဝေဒနာကိုလည်းသက်သာစေသည့် အပ်စိုက်ကုသနည်းကိုဆရာဝန်များအသုံးပြုလျှင်ပိုမိုကောင်းမွန်

ရန်ကုန်စံပြဆေးရုံ (သဃ်န်းကျွန်း)မှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က အပ်စိုက်ကုသနည်း အောင်မြင်မှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ယခုအခါ ရောဂါအတော်များများကို ဆရာဝန်အပ်စိုက်(Medical Acupuncture)နည်းဖြင့် အခမဲ့ကုသပေးနေသော ရန်ကုန်စံပြဆေးရုံ (သဃ်န်းကျွန်း)မှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သည်။

အောင်မြင်မှု

မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်မြတ်သွင်သည် သူ၏ ဆရာဝန်အပ်စိုက်ဆေးကုသမှု ၂၄ နှစ်တာ ကာလအတွင်း ရောဂါအများအပြားကို အပ်စိုက်ကုသနည်းဖြင့် ကုသခဲ့ရာ ရာနှုန်းပြည့်နီးပါး အောင်မြင်မှု ရရှိခဲ့ကြောင်း သိရသည်။

၁၉၈၂ ခုနှစ်မှစတင်

ဆရာဝန်အပ်စိုက်ကုသခဲ့သည့် အတွေ့အကြုံနှင့် ပတ်သက်၍ ဒေါက်တာအောင်မြတ်သွင်က "၁၉၈၂ ခုနှစ်ကစပြီး ယနေ့အထိ တောက်လျှောက်ကုသခဲ့ရာ လူနာပေါင်း လည်းများပြီ၊ ရောဂါပေါင်းလည်းစုံနေပြီ၊ ချက်ချင်းသက်သာသွားသူ တွေလည်းရှိတယ်၊ အချိန်ကာလ တိုတစ်ခုအတွင်း သက်သာသွားသူ တွေလည်းရှိတယ်၊ ဆရာဝန် အပ်စိုက်နည်းနဲ့ ကုသတာ လူနာတွေအတွက် ရောဂါသက်သာမှု သိသိသာသာရရှိတဲ့ ရလဒ်တွေ အများကြီး ရှိနေပါပြီ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စနစ်တကျ

ဆရာဝန်အပ်စိုက်နည်းဖြင့်ရောဂါကုသမှုနှင့်ပတ်သက်ပြီး စနစ်တကျ ပေါင်းတင်ထားသည့် အရွယ်စုံအပ်များဖြစ်သော အရှည်လက်မဝက် အပ်မှ အရှည်ဆုံး သုံးလက်မအထိရှိသော အပ်ချောင်း ၁၅ ချောင်းတစ်စုံကို ရောဂါဖြစ်ပွားသည့်နေရာနှင့် အဝေးပွိုင့်၊ အနီးပွိုင့်နေရာများတွင် စနစ်တကျ စိုက်သွင်းကာ မိနစ် ၂၀ ခန့်ကြာအောင်ထားရှိပြီး ကုသခြင်းဖြစ်ကြောင်းသိရသည်။

သက်သာ

ဆရာဝန် အပ်စိုက်ကုသပုံနှင့် ပတ်သက်ပြီး ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က"**ပထမဆုံး လူနာတစ်ဦးကို ခန္ဓာကိုယ်ရော၊ စိတ်အနေအထားပါ လေ့လာမေးမြန်းပြီးမှ အပ်စိုက်ကုသခြင်းဖြစ်ပါတယ်၊ လည်ပင်းကျီးပေါင်းတက် ရောဂါဆိုရင် တစ်ခါစိုက် အပ် ၁၅ ချောင်း၊ မိနစ် ၂၀ ခန့်ထားပြီး ကုသပါတယ်၊ ဒါ တစ်ရက်အတွက်ပါ ခြောက်ကြိမ်လောက် ကုသလိုက်ရင် သိသိသာသာ သက်သာသွားမှာဖြစ်ပါတယ်**"ဟု ပြောကြားသည်။

အပ်စိုက်ကုသမှုခံယူတာ ခြောက်ကြိမ်ရှိပါပြီ။ (ဒေါ်တင်မမ ဝေဒနာရှင်)
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရောဂါအနေအထား ပုံမှန်ဖြစ်သူများအတွက် ခြောက်ကြိမ်၊ ဖြစ်ခါစများအတွက် သုံးလေးကြိမ်နှင့် ရောဂါပြင်းသူများအတွက် ၁၂ကြိမ်ခန့် အပ်စိုက်ကုသပေးပါက အများအားဖြင့် ရောဂါဖြစ်ပွားမှုရာနှုန်းပြည့်နီးပါး လျော့ပါးသက်သာသွားကြောင်းသိရသည်။

ရှင်းပြ

ထို့အပြင် အပ်စိုက်ကုသရာတွင် တစ်ခါသုံး အပ်များကိုအသုံးပြုသဖြင့် ရောဂါကူးစက်မှု မဖြစ်နိုင်ကြောင်း၊ လူနာတစ်ဦးအတွက် အပ်တစ်စုံ၊ လိုအပ်လျှင် နှစ်စုံသီးသန့်ထားရှိသဖြင့် မိမိအပ်ဖြင့် မိမိတစ်ဦးတည်းသာ ကုသမှုခံယူနိုင်ကြောင်းလည်း ဒေါက်တာအောင်မြတ်သွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖိစီးမှု

ဆရာဝန်အပ်စိုက်နည်းဖြင့် ကုသအောင်မြင်သည့်ရောဂါများမှာ **လေဖြတ်၊ ဒူးနာ၊ ခါးနာ၊ ဆီးချို၊ သွေးချို၊ စိတ်ဖိစီးမှု၊လည်ပင်းကျီးပေါင်းတက်ရောဂါနှင့် အရောင်ခွဲခြား၍ မရသည့် မျက်စိ** **ရောဂါများအပါအဝင် ရောဂါအများအပြားကို အောင်မြင်စွာကုသနိုင်ကြောင်းလည်း** သိရသည်။

အပ်စိုက်ကုသခြင်းသည် ကိုယ်ခန္ဓာအတွင်း လိုသောဓာတ်များပိုထွက်ရန်နှင့် ပိုသောဓာတ်များလျှော့ပေးခြင်းဖြစ်ရာ ကုသခံရသူများအနေဖြင့် ဆိုးကျိုးလုံးဝမဖြစ်ပေါ်နိုင်ကြောင်း၊ ကိုယ်ခန္ဓာ၏ သဘာဝတရားကို အပ်များဖြင့် ပြုပြင်ပေးခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် လူနာများအား အခမဲ့ကုသပေးနေခြင်း ဖြစ်ကြောင်းလည်း ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က ပြောကြားသည်။

ကုသမှုငွေကုန်ကြေးကျ မရှိသည့်အပြင် လွယ်ကူသောကုသမှုဖြစ်ရာ ရောဂါဝေဒနာအများအပြားကိုသက်သာစေသည့် ဆရာဝန်အပ်စိုက်ကုသမှုနည်းကို ဆရာဝန်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ၎င်းက တစ်ဆက်တည်းရှင်းပြသည်။

ပြန်ကောင်းသွားပါပြီ

ဆရာဝန် အပ်စိုက်ကုသမှုဖြင့် စံပြဆေးရုံရှိ ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်ထံကုသမှုခံယူနေသော လက်ပြင်ကပ်ရောဂါ ခံစားနေသူ မန္တလေးမြို့မှ ဦးချစ်ဆွေ(၆၉) နှစ်အား မေးမြန်းကြည့်ရာ "အပ်စိုက်ကုသခံတာ ခြောက်ကြိမ်ရှိပါပြီ၊ အရင်က ညာဘက်လက် လုံးဝမြှောက်လို့မရပါဘူး၊ ဆပ်ပြာတိုက်လို့တောင် မရတာ အခု အများကြီးကောင်းသွားပါပြီ၊ လက်မြှောက်လို့ရတယ်၊ ရေချိုးဆပ်ပြာတိုက်လို့ရတယ်၊ နဂိုအတိုင်းနီးပါး ပြန်ကောင်းသွားပါပြီ"ဟု ပြောကြားသည်။

ကွေးပြဆန့်ပြ

ယခင်က လှုပ်ရှားမှုလုံးဝ မပြုလုပ်နိုင်သော အနေအထားမှ နဂိုအတိုင်းနီးပါး ပြန်လှုပ်ရှားလာနိုင်သော ဦးချစ်ဆွေမှာ ဝမ်းသာအားရ ဖြစ်နေသည်ကိုတွေ့ရသည်။ ကိုယ်တိုင်လက်မြှောက်ပြ၊ ကွေးပြ၊ ဆန့်ပြနိုင်သည်ကို တွေ့ရသည်။

ထို့နောက် ခေါင်းတုန်၊ ကိုယ်တစ်ခြမ်းကျဉ်၊ဒူးမကောင်း၍လမ်းမလျှောက်နိုင်သဖြင့် လာရောက်ကုသနေသူ အသက်(၆၆)နှစ်အရွယ်ရှိ ဒေါ်တင်မမက "ပထမအကြိမ် ကုသမှုခံယူကတည်းက သက်သာသွားတယ်၊ အခု အပ်စိုက်ကုသမှုခံယူတာ ခြောက်ကြိမ်ရှိပါပြီ၊ ခေါင်းမတုန်တော့ဘူး၊ လမ်းလဲလျှောက်နိုင်နေပြီ၊ ကိုယ်တစ်ခြမ်းလဲ မကျဉ်တော့ဘူး၊ အများကြီး သက်သာသွားပါပြီ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကြိုးစားသွားမည်

ရောဂါအများအပြားကို ကုသရာတွင်ငွေကုန်ကျမှုလည်းနည်း၊ဘေးထွက်ဆိုးကျိုးလည်းမဖြစ်ပေါ်နိုင်သည့်အပြင် ရောဂါကုသရာတွင် ထိရောက်မှုရှိသော ဆရာဝန် အပ်စိုက်ကုသနည်းကို မြန်မာနိုင်ငံရှိ ဆရာဝန်များ ကုသနိုင်ရန်နှင့် ပြည်သူများကုသမှု ခံယူနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။

လည်ပင်းကျီးပေါင်းတက်ရောဂါ၊ လေဖြတ်ရောဂါ၊ ဒူးနာ၊ ခါးနာ၊ စိတ်ဖိစီးမှုရောဂါနှင့် အခြားရောဂါ အများအပြားကို ဆရာဝန်အပ်စိုက်ကုသနည်းဖြင့် အခမဲ့ကုသပေးနေမှုအဖြစ်ကို ပြည်သူ့ကျန်းမာရေး သတင်းကောင်းအတွက် ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က ရောဂါဝေဒနာရှင်တစ်ဦးကို ဤသို့ အပ်စိုက်ကုသပေးနေသည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



အပ်စိုက်ကုသနည်းနှင့် ပတ်သက်၍ ဖော်ပြထားသော ကျမ်းများ၊ စာအုပ်များ။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၅-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၉။ ရန်ကုန်တိုင်း မဟူရာ ရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ အတီးပြိုင်ပွဲ
- ၁၇:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၄၀ ၉။ **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၇:၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၄။ **"လက်တွေ့ပြချင်လို့"** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၉:၁၅ ၁၅။ အဆိုပြိုင်ပွဲ
- ၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၇။ အကပြိုင်ပွဲ
- ၁၉:၄၅ ၁၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး"** (ရန်ကုန်တိုင်း) [ဒုတိယပိုင်း]
- ၂၃။ နောက်တစ်နေ့အစီအစဉ်

17-5 (08).p65 1 1/16/32, 12:00 AM

✡ ရှမ်းပြည်နယ်မှ

တက်ရောက်

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့်ဇနီးများ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်၊ မန္တလေးတပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များ စုစုပေါင်းအင်အား ၂၅၀၀ တက်ရောက်ကြသည်။

ရေးဦးစွာ တိုင်းမှူးသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅) ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း သတ်မှတ်နေရာတွင် ခြံစည်းရိုးကြက်ဆူပင်ကိုစိုက်ပျိုးပေးပြီးနောက် တက်ရောက်လာကြသူများသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း မြေဧက ၂၀၀ ၌ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ထိန်းသိမ်းစောင့်ရှောက်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးမှုကိုလိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို အပင်များ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးကြရေး၊ ပျိုးပင်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စိုက်ပျိုးပြီးအပင်များ ရေဝပ်မှုမရှိအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးပြီးအပင်များကို အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ရှုရပ်မျှော်စင်မှနေ၍ အမှတ်(၅) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် စိုက်ပျိုးမြေများ အသုံးချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို မြေအမျိုးအစားအလိုက် စိုက်ပျိုးနိုင်သော သီးနှံများကို လျာထားချက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးရေးနှင့် လယ်ယာအဖြစ် အသုံးမပြုသောမြေများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရန်မှာကြားသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ခုနစ်ခုတွင် စုစုပေါင်းဒုံမြေ၊ ဆပ်ပြာမြေ၊ မြေရိုင်း ၄၆၈၅ ဒသမ ၆၈ ဧက ရှိပြီး ၎င်းမြေများပေါ်၌ ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ၈၈၃ ဧက လျာထားရာမှ ဧက ၆၀၀ စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အနေဖြင့် ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်ဧက ၄၇၁၀ လျာထားရာမှ ၂၄၁၄ ဧကစိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးရန်ကျန်ရှိသော မြေများအတွက် ပျိုးပင်များ စုဆောင်းထားရှိပြီးဖြစ်ရာ လျာထားဧကပြည့်မီအောင်ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ဖြစ်ထွန်းအောင်စိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာသို့ ရောက်ရှိကြပြီး မြေလွတ်သုံးဧကတွင် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို အပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးရေးနှင့် အပင်များရေဝပ်မှုမရှိအောင် ဆောင်ရွက်ရန်မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မတ္တရာမြို့နယ်အတွင်းရှိ ရေနံ့သာ၊ ဇီးဖြူပင်ကုန်း၊ တောင်ပြုံးငယ်၊ သာစည်၊သပြေပင်ကုန်း၊ဘိုကုန်း၊ ကျောက်တံတား၊ ဝသုန္ဒရနှင့် လင်းမြွေချောင်း ကျေးရွာလမ်းတစ်လျှောက်တွင် လမ်းဘေးဝဲယာ၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့်ဆည်တော်ကြီး ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော နွေစပါးများ ဖြစ်ထွန်းမှုကိုကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းသို့ သိုးမွေးထိုးစက်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းရှိ ကလေးများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ပေးအပ်လှူဒါန်းသည့် သိုးမွေးထိုးစက်၊ အပ်ချုပ်စက်သုံးပစ္စည်းများနှင့် ကျောင်းသုံးစာရေးကိရိယာများကို ယနေ့နံနက် ၁၁ နာရီခွဲတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့်အဖွဲ့က သွားရောက်ပေးအပ်လှူဒါန်းရာ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း တာဝန်ရှိသူများက ကြိုဆိုကြပြီး လှူဒါန်းပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြက လက်ခံ၍ **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ကျောက်ဖြူမှ

NLD ပါတီဌာနချုပ်မှ ထိပ်ပိုင်းခေါင်းဆောင်များသည် အဖွဲ့အတွင်း အုပ်စုဖွဲ့ကာ ညီညွတ်မှုမရှိဘဲ သဘောထားများကွဲနေခြင်း၊ ပြည်သူလူထုကိုယ်စား အမျိုးသားညီလာခံတွင် တွေ့ဆုံဆွေးနွေးခွင့်ရရှိပါလျက် တိုင်းပြည်နှင့်လူမျိုး၏ မျက်နှာကိုမထောက်ဘဲ ကျောခိုင်းထွက်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်း၊ ပြည်သူလူထု၏ စားဝတ်နေရေးခက်ခဲစေမည့် ပိတ်ဆို့ရေးအမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တောင်းဆိုတိုက်တွန်းနေခြင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဘာတစ်ခုမျှ စွမ်းဆောင်နိုင်မှုမရှိခြင်း၊ ပြည်သူလူထုက နိုင်ငံရေးလုပ်စားသူများဟု ဝိုင်းပယ်အထင်အမြင်သေးနေခြင်းတို့ကြောင့် ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် လုံးဝမရှိတော့သဖြင့် မိမိ၏သဘော ဆန္ဒအလျောက် တောင်ကြီး မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ်မှ အပြီးအပိုင် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

■ ကျောက်ဖြူမှ

တြိဂံဒေသတိုင်း

တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ (ရွက်ဆစ်)အဖွဲ့၊ ရင်း(၃၆၀)မှ တပ်သား မောနသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်လေးခု၊ ၎င်းကျည် ၅၁ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းသုံးလုံးတို့ဖြင့် လည်းကောင်း၊ ရင်း(၄၅၃)မှ တပ်သား အိုက်ခမ်းသည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်လေးခု၊ ၎င်းကျည်အတောင့် ၁၀၀ တို့ဖြင့်လည်းကောင်း၊ ရင်း (၈၁၅)မှ တပ်သားရာကျို၊ မာထူး၊ ကျထီး၊ ကျသဲ၊ ကျနူးတို့သည် ပစ္စတိုတစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ်သုံးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ အတောင့်၅၀တို့ဖြင့်လည်းကောင်း၊ယာကုနှင့် ကျရှောတို့သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ တစ်လုံးထိုးသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၃ တောင့်တို့ဖြင့် လည်းကောင်း၊ ရင်း(စိစစ်ဆဲ)မှ တပ်သားအိုက်ကျိုင်းသည် လည်းကောင်း၊ လားဟူတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ကျဟားသည် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၅ တောင့်တို့ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်း

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရွက်ဆစ်) အဖွဲ့တပ်မဟာ (၇၅၈)၊ ရင်း(စိစစ်ဆဲ)မှ တပ်သား လှိုင်ကိုမင်းသည် ဘီအေ-၆၃ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်သုံးခု၊ ၎င်းကျည်တောင့် ၅၀ တို့ဖြင့်လည်းကောင်း၊ တပ်သား စိုင်းဝဏ္ဏသည်လည်းကောင်း၊ ရင်း(၂၄၂)မှ တပ်သား အိုက်ထွန်းသည် အမ်-၇၉ လောင်ချာတစ်လက်၊ ဗုံးသီး ၁၃ လုံးဖြင့်လည်းကောင်း၊ ကေအင်န်ပီပီတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဆေးမှူးအဆင့်ရှိ တေးရတ်သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၀ တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သား စိုးရယ်နှင့် ဌေးရယ်တို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံအတောင့်၃၀၊ လက်ပစ်ဗုံး နှစ်လုံးတို့ဖြင့် လည်းကောင်း။

အနောက်ပိုင်းတိုင်း

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအေတောတွင်း လက်နက်ကိုင်အဖွဲ့မှ စစ်ရေးတာဝန်ခံ နိုင်ဇော်၊ ဗျူဟာမှူးအဆင့်ရှိ ထွန်းမောင်နှင့် ကိုနိုင်၊ တပ်ကြပ်ကြီးအဆင့်ရှိ ကျော်သိန်းမောင်၊ တပ်ကြပ် အဆင့်ရှိ စန်းလှထွန်းနှင့် ထွန်းသိန်းနိုင်၊ ဆက်သွယ်ရေးတာဝန်ခံ မောင်မောင်သန်း၊ ပါတီစည်းရုံးရေးတာဝန်ခံ ဦးသာဇံနှင့် တပ်သားမောင်သန်းတို့သည် ကျည်မျိုးစုံအတောင့်၇၀၀နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ ဗိုလ်ကြီးအဆင့်ရှိ နိုင်ချေနှင့် ဒုတိယဗိုလ်အဆင့်ရှိ ခင်မောင်ရီတို့သည်လည်းကောင်း၊ အေအယ်လ်ပီတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အောင်နိုင်ဝင်းသည် လည်းကောင်း။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင်စီအင်န်အေတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား ထန်ကျန်းနှင့် တရန်ဒိုးထန်တို့သည်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ ရင်း(၁)မှ တပ်သားဦးထွန်းသည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်တောင့် ၄၀ ဖြင့်လည်းကောင်း၊ ရင်း(၁၁)မှ တပ်ကြပ်ကြီးအဆင့်ရှိ သောင်းတင်နှင့် တပ်သားဝင်းလှိုင်တို့သည် အမ်-၁ သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၂ တောင့်၊ မိသားစုဝင်နှစ်ဦးတို့ဖြင့်လည်းကောင်း၊ ဦးကစိန်သည် လုပ်သေနတ်တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ မိသားစုဝင်ငါးဦးတို့ဖြင့်လည်းကောင်း၊ တပ်သား သားတင်(ခေါ်)မြစီသည် လက်ပစ်ဗုံး တစ်လုံးဖြင့်လည်းကောင်း၊ ဒီအိုရင်း (၇)မှ တပ်သားစောကျော်ကျော်၊ စောတာပိုလိုနှင့် စောသာဝါးတို့သည်လည်းကောင်း၊ ရင်း(၂၀၃)မှ တပ်သား တင်စိုးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်တောင့် ၂၀ဖြင့်လည်းကောင်း၊ ဗတစတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားကျော်လွင်ဝေ (ခေါ်)သာလိုနှင့် အေးမင်းတို့သည်လည်းကောင်း။

အရှေ့တောင်တိုင်း

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)၊ ရင်း (၁၀)မှ တပ်သား စောသာဝေးသည်လည်းကောင်း၊ ရင်း(၁၆)မှ ဗိုလ်အဆင့်ရှိ စီဒီ(ခေါ်)သန်းဝင်းသည် ခြောက်လုံးပြူးတစ်လက်၊ ကျည်ခြောက်တောင့်ဖြင့်လည်းကောင်း၊ တပ်မဟာ(၁)၊ ရင်း(၁)မှလုံခြုံရေးတာဝန်ခံ ပဒိုပန်းစိန်၊ တပ်သားရွှေထွန်း၊ အောင်မြိုင်နှင့် ဖိုးဆေးတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ စနက်တံတစ်ခု၊ မိသားစုဝင်ကိုးဦးတို့ဖြင့်လည်းကောင်း၊ ပီဒီအက်စ်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ ခင်မောင်ညွှန့်(ခေါ်)လူလေး၊ တပ်သားမျိုးအောင်၊ ပန်းအောင်နှင့် မြင့်နိုင်တို့သည် ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည်ခြောက်တောင့်တို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ လများအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၆၃ ဦးနှင့် မိသားစုဝင် ၁၆ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားသားများပါသည့် တာချီလိတ်မှ ချဲဒိုင်ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

နှစ်လုံးထီ၊ သုံးလုံးထီ၊ ချဲထီများအပါအဝင် တရားမဝင်လောင်းကစားမှုများနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုခင်းများ၊ လောင်းကစားမှုများ ပပျောက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ မေ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ပုံလို့လမ်း အမှတ်(၂/၃၀) ဦးညီညီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ချဲထီလောင်းကစားပြုလုပ်နေသော တစ်ဖက်နိုင်ငံသားကိုးဦးနှင့် တာချီလိတ်မြို့မှ ခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

တာချီလိတ်မြို့မှ ဖမ်းဆီးရမိသူများမှာ အိမ်ရှင် ကိုညီညီ(အဖ ဦးနေထွန်း)၊ မကာဟိုခမ်းရပ်ကွက် အမှတ်(၆/၄၀)နေ မသိန်းသိန်းထွေး(အဖ ဦးမြအေး)၊ ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့ (အတွင်း)ရပ်ကွက် အမှတ် ၁၀၀ နေ မနန်းဖူး(အဖ ဦးစိုင်းခမ်း)၊ မကာဟိုခမ်းရပ်ကွက် သစ်တောဝင်းနေ မောင်ဇော်ပိုက်(အဖ ဦးလှသန်း)၊ ဆန်ဆိုင်း(က) ရပ်ကွက် အမှတ်(၃/၁၃)နေ မနန်းရှုန် (အဖ ဦးစိုင်းကျွတ်)နှင့် မယ်ခေါင်ရပ်ကွက်နေ မနန်းဟွန်း(အဖ ဦးအိုက်ဆမ်) တို့ဖြစ်၍ ၎င်းတို့အား လောင်းကစားပစ္စည်းများ၊ မြန်မာငွေကျပ် ၁၂၂၀၀၀၀ ၊ တစ်ဖက်နိုင်ငံသုံးငွေဘတ် ၉၅၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောက်ဖြူမှ

ရေနံနှင့်သဘာဝ ဓာတ်ငွေ့အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှု အခြေအနေနှင့် ပေနက်ပိုင်းအလားအလာများကို ထပ်မံရှာဖွေတူးဖော်သွားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားကြရန် ပြောကြားပြီး တွင်းတူးစက်နှင့် တွင်းပြင်စက် နေရာချထားမှုအစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများတို့ကို ချမှတ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် သာကြီးတောင် ရေနံမြေအတွင်း အသစ် ထပ်မံတူးဖော်လျက်ရှိသည့် တွင်းသစ် အမှတ်(၄၄)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေသို့ ရောက်ရှိလာရာ ရေနံမြေရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးမြစိန်က လျာထားချက်နှင့် ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက သာကြီးတောင်နှင့် စပယ်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး၊ အနက်ပေ ၁၀၀၀၀ ကျော်တွင်ရှိသည့် ပေနက်အလားအလာအသစ်များကိုပါ ဆက်လက်ရှာဖွေတူးဖော်ထုတ်လုပ်သွားနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေနံမြေများအားလုံး၌ ခြံစည်းရိုး ကြက်ဆူပင်ကို မြေလွတ်မြေရိုင်းများပါမကျန် စီမံကိန်းချမှတ်၍ တိုးချဲ့စိုက်ပျိုးသွားကြရန်တို့ကို မှာကြားပြီး ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်ယူသုံးစွဲလျက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေး ဆောင်ရွက်သွားရမည့်အစီအမံများကိုချမှတ်သည်။

နေ့စဉ်ထုတ်လုပ်ပေး

အဆိုပါသာကြီးတောင်/စပယ် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ ရေနံစိမ်းစည်ပေါင်း ၃၆၀ ကျော်ခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၁၉ သန်းခန့်ကိုနေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်

ပြည်တွင်းပြည်ပ သတင်းစာဆရာများ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည့် လေ့လာရေးခရီးစဉ် သတင်းမြင်ကွင်းကို မေလ ၁၅ ရက်နေ့ညပိုင်း ရုပ်မြင်သံကြားသတင်းတွင် ကြည့်ရှုနားဆင်လိုက်ရပြီး မေလ ၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာကြသော သံတမန်အဖွဲ့နာယကနှင့်သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ဤသို့ ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

အချိန်အတိုင်းအတာအရ လေ့လာကြည့်ရှုရသော နေရာဌာနအနေဖြင့် နည်းပါးလှသော်လည်း ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ရှုမဆုံးနိုင်အောင် ရှိနေပါကြောင်း လေ့လာမှတ်သားထားသည့် ကိန်းဂဏန်းများအရ ဖြည့်စွက်တင်ပြလိုပါသည်။ ပြည်တွင်းပြည်ပသတင်းစာဆရာများ ကိုယ်တိုင်ကိုယ်ကျ လေ့လာ ကြည့်ရှုခဲ့ရသလို ပြည်သူလူထုအနေဖြင့်လည်း ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် လေ့လာကြည့်ရှုခွင့် ရရှိခဲ့ကြပါသည်။ သို့ရာတွင် အဆိုပါ ရှုခင်းမြင်ကွင်းများသည် ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်၏ ဖွံ့ဖြိုးတိုးတက်မှုသာဓကအချို့သာ ရှိပါသေးသည်။ ထို့ကြောင့် ဖွံ့ဖြိုးစည်ပင် ပဲခူးတိုင်းတစ်ခွင်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကျယ်ကို ရှုမြင်နိုင်ပါရန် အောက်ပါအတိုင်း လေ့လာ တင်ပြလိုက်ရပါသည်။

ပဲခူးတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းကြီးတစ်တိုင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသကြီး၏ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး မြောက်ဘက်၌ မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ အရှေ့ဘက်၌ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ တောင်ဘက်၌ ရန်ကုန်တိုင်း၊ အနောက်ဘက်၌ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့နှင့် တစ်သွေးတည်း တစ်သားတည်း ဆက်စပ်လျက် တည်ရှိနေပါသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၂၄၇၉၃မိုင်ရှိပြီး ကရင်၊ ဗမာ၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေပါသည်။ လူဦးရေ ငါးသန်းခွဲကျော်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၀၀ ကျော်ဖြစ်သည်။ ပဲခူးတိုင်းကို ခရိုင်လေးခု၊ မြို့နယ် ၂၈မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။

အနောက်ဘက်၌ ဧရာဝတီမြစ်ကြီးစီးဆင်းနေပြီး အလယ်တွင် ပဲခူးရိုးမတည်ရှိကာ အရှေ့ပိုင်း၌ စစ်တောင်းမြစ်နှင့်ပဲခူးမြစ်တို့စီးဆင်းနေသည်။ အမြင့်ပေ ပျမ်းမျှ ၂၀၀၀ခန့်ရှိသော ပဲခူးရိုးမမှအပ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မြေပြန့်လွင်ပြင်မြစ်ဝှမ်းများဖြစ်၍ စိုက်ပျိုးရေးရေခံမြေခံကောင်းသည်။ စိုက်ပျိုးရေးရေခံမြေခံကောင်းသော ပဲခူးတိုင်းကို နိုင်ငံတော်က စိုက်ပျိုးရေး အခြေခံကောင်းများဖြင့် ထပ်လောင်းမြှင့်တင်ပေးလိုက်သောအခါ ပဲခူးတိုင်းသည် ရှေးယခင်ကနှင့်မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ပဲခူးတိုင်းအတွင်း ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက ၂၈၃၄၇၇၀ သာရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်၌ ဧက ၃၁၄၈၈၆၉အထိ ရှိလာခဲ့သည်။ ယင်းကဲ့သို့ စိုက်ပျိုးမြေဧက သုံးသိန်းကျော် ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က ပဲခူးတိုင်း၌ (၁၇)နှစ်တာကာလအတွင်း ဆည်တမံပေါင်း ၄၂ ခု အသစ်ထပ်မံ တည်ဆောက်ပေးခဲ့သည်။ လက်ရှိ တည်ဆောက်နေဆဲ ဆည်တမံသုံးခုရှိရာ ယခင်က ဆည်တမံ နှစ်ခုသာရှိခဲ့သော ပဲခူးတိုင်း၌ နောက်ထပ်ဆည်တမံ ၄၅ခု တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

မျက်မှောက်ခေတ်၌ ပဲခူးတိုင်းအတွင်း အသစ်တည်ဆောက်ပေးခဲ့သော ဆည်တမံပေါင်း ၄၀ကျော်၏ အကျိုးပြုမှုကြောင့် ၁၉၈၈ ခုနှစ်၌ တိုင်းအတွင်း စပါး ၂၀၉၂၂၁၈ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခု ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၃၀၈၂၀၅၂ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးစိုက်ဧက ကိုးသိန်းကျော်အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်၍ ပဲခူးတိုင်း၏ ဆန်ဖူလုံမှုမှာ ၂၃၇ရာခိုင်နှုန်းအထိ ရှိနေပြီ ဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးမှုကို ကြည့်လျှင်လည်း ၁၉၈၈ ခုနှစ်၌ ဧကနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ခုနှစ်ဆတိုးကာ ဧက၁၄သိန်းကျော် စိုက်ပျိုးနိုင်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ ယခင်က ၂၇၆၇၅၇ဧကသာရှိခဲ့ရာမှ ယခုအခါ ၄၂၂၆၁၂ဧက စိုက်ပျိုးနိုင်သဖြင့် ပဲခူးတိုင်း၏ စားသုံးဆီဖူလုံမှုသည် ၁၀၇ရာခိုင်နှုန်းအထိ ရှိနေပါသည်။

ကြံသီးနှံကို ၁၉၈၈ ခုနှစ်က ဧကသုံးသောင်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ဧက တစ်သောင်းခွဲကျော် တိုးချဲ့နိုင်ခဲ့သဖြင့် စုစုပေါင်းစိုက်ဧက ၄၈၇၄၀ရှိနေပါသည်။ ရော်ဘာသီးနှံကိုလည်း ၂၀၀၅-၂၀၀၆ ခုနှစ်၌ ၅၁၉၃၁ ဧကအထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ ပဲခူးတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို တိုးမြှင့်နိုင်သည့်နည်းတူ သားငါးကဏ္ဍ၌လည်း ငါးမွေးကန် ယခင်က ၁၅၂၂ဒသမ၈ဧကသာရှိခဲ့ရာမှ ယခုအခါ ၂၄၅၆၇ဒသမ၅၉ ဧကအထိ တိုးချဲ့မွေးမြူထားနိုင်ပြီဖြစ်သည်။

ကျွဲ၊ နွား၊ ဆိတ်မွေးမြူမှုတွင်လည်း ကောင်ရေသိန်းနှင့်ချီ၍ တိုးချဲ့မွေးမြူထားနိုင်ပါသည်။ ဝက်မွေးမြူမှုတွင် ၁၉၈၈ ခုနှစ်ကထက် ကောင်ရေငါးသိန်းကျော်၊ ကြက်မွေးမြူမှုတွင် ၁၉၈၈ ခုနှစ်ကထက် ကောင်ရေ၆၆သိန်းကျော်၊ ဘဲမွေးမြူရေးတွင် ၁၉၈၈ခုနှစ်ကထက် ကောင်ရေ ၁၃သိန်းကျော် တိုးတက် မွေးမြူနိုင်လျက်ရှိပါသည်။

အလားတူပင် ရှေးယခင်က စက်မှုဇုန်ဟူ၍မရှိခဲ့သော ပဲခူးတိုင်းတွင် မျက်မှောက်ခေတ်၌ စက်မှုဇုန်နှစ်ခု ထူထောင်ပေးထားပြီး ပုဂ္ဂလိကစက်မှုကဏ္ဍ မြင့်မားတိုးတက်အောင် အားပေးမြှင့်တင်နေပါသည်။ ပဲခူးတိုင်းအတွင်း ယခင်က နိုင်ငံပိုင်စက်ရုံ ၂၃ရုံသာ ရှိခဲ့ရာမှ ယခုအခါ ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းစေရေး၊ စက်မှုနည်းပညာများ ကူးပြောင်းပေးအပ်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံပိုင်စက်ရုံ ၃၄ရုံကို ထပ်မံ တိုးချဲ့ထူထောင်ပေးထားပါသည်။ ၁၉၈၈ ခုနှစ်က တိုင်းအတွင်း၌ ပုဂ္ဂလိကအလုပ်ရုံစက်ရုံ ၂၀၇၉ရုံသာရှိခဲ့ရာမှ ယခုအခါ စက်ရုံအလုပ်ရုံပေါင်း ၂၆၂၇ရုံ တိုးတက်လာပြီး စုစုပေါင်း ပုဂ္ဂလိကအလုပ်ရုံစက်ရုံ ၄၇၀၆ရုံအထိ ဖွင့်လှစ်လည်ပတ်လျက် ရှိနေပါသည်။

ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးနေမှုနှင့်အညီ မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ တိုးတက်လာသော စက်မှုလက်မှုလုပ်ငန်းများ၏ လိုအပ်ချက်အရ လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေးအတွက် ပဲခူးတိုင်းအတွင်း၌ ရေအားလျှပ်စစ်စီမံကိန်းခြောက်ခု တည်ဆောက်လျက်ရှိနေပါသည်။ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ်၃၀၊ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ်၆၀၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှ ၂၅ မဂ္ဂါဝပ်၊ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းမှ ၇၅ မဂ္ဂါဝပ်၊ သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းအတွင်း မူလရှိပြီးသား လမ်းတံတားများအပြင် ထပ်မံ၍လည်း တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးခဲ့ပါသည်။ ၁၉၈၈ ခုနှစ်က ကတ္တရာလမ်း ၆၆၇မိုင်ရှိခဲ့ပြီး ယခု မိုင်၇၆၀ရှိနေပြီ ဖြစ်ပါသည်။ ကျောက်ချောလမ်း ၁၄၂မိုင်၊ အမာခံလမ်း၁၈၂မိုင်၊ မြေသားလမ်း၂၃၈မိုင်အထိ ရှိလာခဲ့ပါသည်။ ယခင်က ပေ၁၈၀အထက် တံတား ၃၈စင်းရှိခဲ့ပြီး တံတားသစ် ၁၀ စင်း တိုးမြှင့်တည်ဆောက်ပေးခဲ့သဖြင့် ယခုအခါ ၄၈စင်း ရှိနေပြီဖြစ်သည်။ ပေ ၁၈၀ အောက်တံတား ၃၃၉စင်း ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ တံတားစင်းရေ ၂၃၆၈စင်း ရှိလာခဲ့ပါသည်။

ယခုကဲ့သို့ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို နိုင်ငံတော်က အဆပေါင်းများစွာ တိုးမြှင့်တည်ဆောက်ပေးခဲ့သည့်နည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဒေသအတွင်း၌ လက်လှမ်းတမီ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ၁၉၈၈ခုနှစ်၌ တိုင်းအတွင်း၌ စက်မှုလက်မှုသိပ္ပံတစ်ခု၊ အထက်တန်းကျောင်း ၈၀၊ အလယ်တန်းကျောင်း၁၈၁၊ မူလတန်း ကျောင်း ၃၄၅၀သာရှိခဲ့ပါသည်။ ယခုအခါ အထက်တန်းကျောင်း ၁၁၀၊ တွဲဖက် အထက်တန်းကျောင်း၃၇ကျောင်း၊ အထက်တန်းကျောင်းခွဲ၆၂ကျောင်း၊ အလယ်တန်းကျောင်း၂၂၆ ကျောင်း၊ တွဲဖက် အလယ်တန်းကျောင်း ၁၀၆ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၆၇ကျောင်း၊ မူလတန်းလွန်ကျောင်း၆၂၃ကျောင်း၊ မူလတန်း၃၉၈၇ကျောင်းအထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် အဆင့်မြင့်ပညာကဏ္ဍ၌လည်း တက္ကသိုလ်သုံးခု၊ ဒီဂရီကောလိပ်တစ်ခုနှင့် ကောလိပ်ငါးခုကို တိုးချဲ့ ဖွင့်လှစ်ပေးထားပါသည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ဤသို့တွေ့ရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းအတွင်းမှ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက်လည်း ဆေးရုံနှင့်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးထားပါသည်။ ၁၉၈၈ခုနှစ်က တိုင်းအတွင်း ဆေးရုံ ၂၈ရုံ၊ တိုက်နယ်ဆေးရုံ ၃၂ ရုံ၊ ဆေးပေးခန်း ၄၂ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၀၈ခု၊ သူနာပြုကျောင်းတစ်ကျောင်းသာ ရှိခဲ့ပါသည်။ ယခုအခါ ခုတင်(၂၀၀) ဆံ့ဆေးရုံသုံးရုံ၊ ခုတင်(၁၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံလေးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ၁၈ရုံ၊ တိုက်နယ်ဆေးရုံ ၅၃ရုံ၊ ဒေသန္တရကျန်းမာရေးဌာနလေးခု၊ကျောင်းကျန်းမာရေးဌာနငါးခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာန ၃၂ခု၊ ကျေးလက် ကျန်းမာရေးဌာန၁၄၂ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၂၆ခုအထိ တိုးချဲ့ ဖွင့်လှစ်ပြီး ကျေးလက်ဒေသများအထိ ကျန်းမာရေး စောင့်ရှောက်မှုပေးနေပါသည်။

ယင်းသို့ ပဲခူးတိုင်းအတွင်း ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က မြှင့်တင်ဖော်ဆောင်ပေးနေသဖြင့် ပဲခူးတိုင်းအတွင်း လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေရရှိမှု အခြေအနေမှာလည်း ပိုမိုမြင့်မားလာခဲ့ပါသည်။ အနီးစပ်ဆုံး Per Capita GDP မှာ ၂၀၀၁-၂၀၀၂ ပုံမှန်ဈေးနှုန်းအရ ထိုနှစ်တွင် ၆၁၄၁၄ ကျပ်သာရှိခဲ့ရာမှ ယခု ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၁၉၆၆၃၀ ကျပ်အထိ တိုးတက်မြင့်မားလာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

17-5 (10).p65 1 1/16/32, 12:19 AM

မြိုင်မြို့နယ် ကျောက်ခွက်/လက်ပံတိုရေနံမြေအတွင်း အလားအလာကောင်းသော နေရာများ၌ တွင်းသစ်များရှာဖွေ နေ့စဉ်ရေနံစိမ်းစည် ၈၃၀ခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၈သန်းခန့်ထုတ်လုပ်

ရန်ကုန် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ၁၃ရက် နံနက်ပိုင်းက မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း) သို့ သွားရောက်စစ်ဆေးသည်။ (အောက်ပုံ)

ရှေ့လုပ်ငန်းစဉ်များချမှတ်

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး (ကုန်ထုတ်) ဦးမျိုးမြင့်က စက်ရုံ၏ လက်ရှိလည်ပတ်နိုင်မှု၊ ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံ ချောမွေ့စွာလည်ပတ်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညွှန်ကြားပေးပြီး ဓာတ်မြေသြဇာ အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံလည်ပတ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့်တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် နည်းပညာပိုင်းတို့ကို တတ်ကျွမ်းသူ ပညာရှင်များက အချိန်ပြည့် သေချာစွာကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်မီးရရှိမှုတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစီအမံများချမှတ်

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မြိုင်မြို့ နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်/လက်ပံတိုရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိသည်။ ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးဇော်က လက်ရှိထုတ်လုပ်နေမှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ လက်ပံတိုရေနံမြေအတွင်းရှိ ပိုမိုအလားအလာကောင်းသော နေရာများ၌ တွင်းသစ်များ ဆက်လက်ရှာဖွေ တူးဖော်သွားနိုင်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကိုမှာကြားပြီး တွင်းတူးစက်နှင့် တွင်းပြင်စက်နေရာချထားမှု အစီအစဉ်များ၊ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် National အမျိုးအစား တွင်းတူးစက်အမှတ်(၆)ဖြင့် လက်ပံတိုတွင်း အမှတ်(၆၇)အား တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေနံအထွက်တိုးရေး စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် လက်ပံတို တွင်းအမှတ်(၃၃)သို့ သွားရောက်ပြီး ရေနံနမူနာနှင့် ဓာတုဗေဒပစ္စည်းများ ရောစပ်ခြင်းလုပ်ငန်းများ၊ ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အဆိုပါ ကျောက်ခွက်/ လက်ပံတို ရေနံမြေမှ နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၈၃၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ရှစ်သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၃၃–A) နေ ဖခင်ကြီး ဦးပါအား ရည်စူး၍ ဇနီးဒေါ်ယဉ်ပုနှင့် သားသမီးမြေးများက လှူဒါန်းငွေကျပ်နှစ်သိန်းကို အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံဒေါက်တာအေးအေးမာထံ ဧပြီ၂၇ရက်က ပေးအပ်စဉ်။ (က–ပ)

ယာဉ်များ သွားလာမှု လွယ်ကူချောမွေ့စေရေး ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြင့်ရေးဆောင်ရွက်

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်းရှိ လမ်းများ အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် မင်္ဂလာဒုံမြို့နယ် အတွင်းရှိ ပြည်လမ်းကို စက်အား၊ လူအားဖြင့် ကတ္တရာကွန်ကရစ်လမ်းသားတင် ခင်းကျင်းနေမှုနှင့် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းအထိ ဆက်လက်ခင်းကျင်းဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမှ ပါရမီလမ်းအထိ ဝေဇယန္တာလမ်း အရှေ့ဘက်ခြမ်း လမ်းအပိုင်းကို စက်အားလူအားဖြင့်ကတ္တရာကွန်ကရစ်လမ်းသားတင် ခင်းကျင်းနေမှုနှင့် ပြုပြင်ထိန်းသိမ်းနေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီ၍ အချိန်နှင့်တပြေးညီပြီးစီးရန် ဆောင်ရွက်ရေး၊ အလေအလွင့်မဖြစ်စေရေးအတွက်စနစ်တကျလုပ်ဆောင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဗုဒ္ဓဝိပဿနာ လိုဏ်ဂူစေတီတော်အတွက်ငွေလှူ

ရန်ကုန် မေ ၁၆

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် တတိယအကြိမ်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဥဂ္ဂါက စေတီတော်ကြီး အကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းနှင့် မိသားစုက ငွေကျပ်ရှစ်သိန်း၊ မရမ်းကုန်းမြို့နယ် စော်ဘွားလမ်းနေ ဦးလှမင်းဦး–ဒေါ်မြမြဝင်း မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးရာမေ့စ်–ဒေါ်နီတာ မိသားစုက ငွေ ၁၁၁၁၁၁ကျပ်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအားတူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၅ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ငွေကျပ်သုံးသိန်းကျော်ဖိုးရှိ တူညီဝတ်စုံ ၅၁ စုံကို ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ထားထားဝင်းသို့ ပေးအပ်စဉ်။ (ဝ၄၆)

စေတနာဆေးကုသမှုဖွင့်ပွဲ ရပ်စောက်မြို့နယ်၌ကျင်းပ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးဆေးစစ်ပေး

ရန်ကုန် မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရွှေပုဇွန်ကုမ္ပဏီ တပ်ဦးခြံ၌စေတနာဆေးကုသမှုလုပ်ငန်းကို မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်းနှင့် ပူးပေါင်း၍ မေ ၅ ရက်မှ စတင်ပြီး ရပ်စောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးဆေးစစ်ပေးခြင်း၊ ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ မေ ၇ ရက် နံနက် ၉ နာရီက စေတနာဆေးကုသမှု ဖွင့်ပွဲအခမ်းအနားကို ရွှေပုဇွန် သရက်ခြံအတွင်း ယာယီခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းက အမှာစကား ပြောကြားသည်။

အလှူငွေများပေးအပ်

ထို့နောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က စေတနာဆေးကုသမှုလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အငြိမ်းစား ပါမောက္ခချုပ်ဒေါက်တာလှမြင့်က ရွှေပုဇွန်ကုမ္ပဏီ၊ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာတင့်စိုးလင်းသို့ မျက်ကပ်မှန်နှင့်မျက်မှန်များ ပေးအပ်သည်။ ဆက်လက်၍ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးအောင်ခင်က တပ်ဦးအခြေခံပညာ အလယ်တန်းကျောင်းသို့ ဗလာစာအုပ် ၁၀၈၀ နှင့် ခဲတံအချောင်း ၁၀၀၀၊ ဒေါက်တာစိန်မြင့်က မဂ္ဂဇင်းစာစောင် ၅၈၆ အုပ်ကို ကျေးရွာ စာကြည့်တိုက်များသို့လှူဒါန်းသည်။ ဆက်လက်၍ ဒေါက်တာအောင်ထွဋ်က အဝတ်အထည်၃၀၀ကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့လှူဒါန်းပြီး အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ စေတနာဆေးကုသမှု ပြုလုပ်ပေးနေသည့် ဆရာဝန်ကြီးများက ကျန်းမာရေးကဏ္ဍအလိုက် ဟောပြောဆွေးနွေးကြသည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာလူထု ၅၀၀၀ခန့် တက်ရောက်ကြသည်။

ဆေးကုသပေး

အဆိုပါ စေတနာဆေးကုသမှုလုပ်ငန်းကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့မှ အငြိမ်းစားအထူးကုဆရာဝန်ကြီး ၂၇ဦး၊ သူနာပြုဆရာမကြီးများ ၁၈ဦးနှင့် ကျွမ်းကျင်ဝန်ထမ်းများ ၆၄ ဦး ပါဝင်သည့်အဖွဲ့က တာဝန်ယူ၍ လူနာပေါင်း ၄၁၄၅ဦးအား ဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံရယူ

မေ ၁၃ရက်က ထောက်ကြန့်မြို့တောင်ပိုင်းရပ်ကွက် ဘောဂ (၂) လမ်း အမှတ် (၁၉)နေ ဦးသောင်း–ဒေါ်တင်ဥ မိသားစုက အလှူငွေကျပ်တစ်သိန်းကို(အခမဲ့) နာရေးကူညီမှုအသင်း (ထောက်ကြန့်)သို့ ပေးအပ် လှူဒါန်းရာ အသင်းဖြစ်မြောက်ရေးကော်မတီ အလုပ်အမှုဆောင် ဦးကြီးမောင် လက်ခံယူစဉ်။

(က–ပ)

17-5 (11).p65 1 1/16/32, 12:00 AM

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး သီတဂူရေအလှူတော် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား'
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ သီတဂူ ရေအလှူတော် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက်တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့် ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
အရှင်ဇာဂရ (ဓမ္မာစရိယ) သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်	၁၃၆၈ခု၊ ကဆုန်လပြည့်ကျော် ၇ ရက် ကြာသပတေးနေ့ (၁၈-၅-၂၀၀၆)
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက် သောကြာနေ့ (၁၉-၅-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ၂၀၀၆ ခုနှစ် မေ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်	ညစဉ် ၇း၀၀ နာရီ

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း ရှစ်ကြိမ်မြောက် အနိုင်ရဗိုလ်စွဲ

သတင်းဆောင်းပါး- ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအား ကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဦးဆောင်ဂိုး

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့်ဧရာဝတီတိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ရန်ကုန်တိုင်းအသင်းအတွက် ဦးဆောင်ဂိုးကို မူမူလွင်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ရန်ကုန်တိုင်း အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

အစွမ်းပြ

ဒုတိယပိုင်းတွင် ဧရာဝတီတိုင်းအသင်းက ချေပဂိုးရရှိရေးအတွက် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားရာ အကြိတ်အနယ်ရှိခဲ့သည်။ ရန်ကုန်တိုင်းအသင်းက ခြေအသာစီးမှ ကစားပြီး အကြိမ်ကြိမ် ထိုးဖောက်ကစားသော်လည်း ဧရာဝတီတိုင်းအသင်းမှ ဂိုးသမား သင်းသင်းအေး အစွမ်းပြကာကွယ်နိုင်မှုကြောင့် ဒုတိယဂိုးနှင့် တတိယဂိုးကို ဒုတိယပိုင်း မိနစ် ၃၀ နောက်ပိုင်းမှသာ သွင်းယူနိုင်ခဲ့သည်။

သွင်းယူပေး

ရန်ကုန်တိုင်း အသင်းအတွက် ဒုတိယဂိုးကို ဒုတိယပိုင်း၌ လူစားဝင်လာသည့် လက်ရွေးစင်ဟောင်း သီတာကြည်ကသွင်းယူပြီး တတိယဂိုးကို မူမူလွင်ကပင်သွင်းယူပေးသည်။ ဧရာဝတီတိုင်းအသင်း သိက္ခာဆယ်ဂိုးရရှိရေးကြိုးစားသော်လည်း ရန်ကုန်တိုင်းအသင်းက ကစားအားမချဘဲ ဆက်လက် တိုက်စစ်ဆင်ကစားနေ၍ ဂိုးမရခဲ့ချေ။ ပွဲအပြီးတွင် ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ရှစ်ကြိမ်မြောက် ဗိုလ်စွဲသည့် မှတ်တမ်းဝင်သွားသည်။

ဆုချီးမြှင့်

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဦးတင်အောင် (ဂိုး)က ဗိုလ်လုပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆုရရှိသော ဧရာဝတီတိုင်းအသင်းမှ ဂိုးသမား သင်းသင်းအေးအား ငွေကျပ်၅၀၀၀ကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က စတုတ္ထရရှိသော မန္တလေးတိုင်း အသင်းအား ငွေကျပ် တစ်သိန်းခွဲပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဝင် ဒေါ်သီတာဝင်းက တတိယရရှိသော မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဝင် ဒေါ်စိုးဝတ်ရည်က ဒုတိယရရှိသော ဧရာဝတီတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးဆု

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်အေးအေးကြည်က ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြိုင်ပွဲတစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို ချီးမြှင့်ရာ ဒေါ်သန်းသန်းလွင်က အကောင်းဆုံးဂိုးသမားဆုရ သင်းသင်းအေး (ဧရာဝတီတိုင်း)အား လည်းကောင်း၊ ဒေါ်ခင်မျိုးသူက အကောင်းဆုံး နောက်တန်းဆုရ သဲသဲချို(ရန်ကုန်တိုင်း)အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဝင် ဒေါ်နုနုရီက အကောင်းဆုံး အလယ်တန်းဆုရ သန္တာမိုး(ဧရာဝတီတိုင်း)အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အကောင်းဆုံး ရှေ့တန်းဆုရ မူမူလွင် (ရန်ကုန်တိုင်း)အားလည်းကောင်း၊ ဒေါ်ဆွေဆွေဦးက အကောင်းဆုံး ဘောလုံးသမားဆုရ ခင်မိုးဝေ (မွန်ပြည်နယ်) အားလည်းကောင်း ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သောင်းစီ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်း

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရန်ကုန်တိုင်းအသင်းအားဆုဖလားနှင့် ငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းအသင်း

အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းဌေး၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြများအဖြစ် ဦးသက်နိုင်နှင့် ဦးအောင်မော်သိန်းတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

အားကစားသမားများအဖြစ် မိုးမိုးစိန်(ဂိုး)၊ ဖြူဖြူသင်း(ဂိုး)၊ ခင်ခင်ကြွယ်၊ သဲသဲချို၊ စိမ်းချိုအောင်၊ ဆွေဆွေသူ၊ သီတာဦး၊ စုငြိမ်းအေး၊ နီလာမြင့်၊ မူမူလွင်၊ သီတာကြည်၊ မိုးသီတာ၊ ရီရီနွယ်၊ နှင်းဆီမြင့်၊ မြင့်မြင့်လှိုင်၊ အိဖြိုးဝေ၊ ကြည်ကြည်စန်း၊ ဖူးပွင့်ခိုင်တို့ ပါဝင်ကြသည်။

အောင်မြင်မှု

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းသည် ယမန်နှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဧရာဝတီတိုင်း အမျိုးသမီး ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ရာ ပြိုင်ပွဲတစ်လျှောက် ပေးဂိုးတစ်ဂိုးသာ ရှိခဲ့သည်။ ယခုနှစ် ပြိုင်ပွဲ၌လည်း ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းသည် ပြိုင်ပွဲတစ်လျှောက်၌ ပွဲတိုင်း အနိုင်ရရှိပြီး ပေးဂိုးမရှိခဲ့ချေ။ ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံး ပြိုင်ပွဲကို ကျင်းပခဲ့သည်မှာ (၁၁)ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ရာ ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းသည် ရှစ်ကြိမ် ဗိုလ်စွဲခဲ့ပြီး အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

၂၀၀၆ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)



မူဆယ်မြို့နယ်စည်ပင် ကတ္တရာခင်းခြင်းလုပ်ငန်း ကျောက်စုဆောင်းပြီးစီးမှု ကွင်းဆင်းကြီးကြပ်

ရန်ကုန် မေ ၁၆

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့သည် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မူဆယ်မြို့ မြို့ပတ်လမ်းနှင့် ဟိုနားရပ်ကွက် ဆက်သွယ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ကျောက်စုဆောင်းပြီးစီးမှု စစ်ဆေးကြီးကြပ် ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

မူဆယ်မြို့ မြို့ပတ်လမ်းနှင့် ဟိုနားရပ်ကွက် ဆက်သွယ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းသည် အရှည်ပေ၆၀၀၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်၂၃၆ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မူဆယ်စည်ပင်)

ကမ္ဘာတစ်လွှား အားကစား

သမုဒ္ဒရာဇုန်မှခြေစစ်ပွဲအောင် ဩစတြေးလျအသင်း ကမ္ဘာ့ဖလားပွဲဦးထွက်အဖြစ် ဂျပန်အသင်းနှင့်ကစားမည်

ဩစတြေးလျလက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

ပြုစုရေးသားသူ

မြင့်မောင်စိုး

ဆစ်ဒနီ မေ ၁၆

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ရာ ခြေစစ်ပွဲအောင် အသင်းများအနေဖြင့်လည်း ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်း ၃၂ သင်းကို အုပ်စု ရှစ်အုပ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး တစ်အုပ်စုလျှင် လေးသင်းစီ ပါဝင်ကစားမည်ဖြစ်သည်။

တက်လှမ်းနိုင်

ဘောလုံးတစ်သင်းလျှင် အုပ်စုပွဲတွင် သုံးပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုတွင်း အသင်းလေးသင်းတွင် အုပ်စု ပထမနှင့် အုပ်စုဒုတိယအသင်းများ ဒုတိယအဆင့်ပြိုင်ပွဲများသို့ တက်လှမ်းနိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

အထူးလေ့ကျင့်

နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းများသည် မိမိတို့၏ နိုင်ငံအားဘောလုံးဖြင့် ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် အထူးလေ့ကျင့်လျက်ရှိကြကြောင်း သိရသည်။

ကိုးကား

ယနေ့တွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင် ဩစတြေးလျအသင်း၏ ခြေစစ်ပွဲအောင်ရန် ကြိုးစားခဲ့ရပုံများကို Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကားလျက် ဆက်လက် ဖော်ပြလိုက်ပါသည်။

ဩစတြေးလျအသင်းမှ အားထားရသော ကွင်းလယ်တိုက်စစ်မှူး မာကိုဘရက်စီယာနို(ဝဲ)၏ ယှဉ်ပြိုင်ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ ၁၉၇၄ ခုနှစ်က စတင်ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုနှစ်မှာပင် ဩစတြေးလျအသင်းသည် အုပ်စုပထမဆင့်ကို အောင်နိုင်ခဲ့သော အသင်းဖြစ်လာခဲ့သည်။

ခြေချခွင့်ရ

နှစ်ပေါင်း ၃၂ နှစ် ကြာညောင်းခဲ့သည့် အချိန်တွင် ဩစတြေးလျအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးတွင် ပြန်လည်ခြေချခွင့်ရရှိခဲ့သည်။

ရရှိထားသော အဆိုပါ အခွင့်အလမ်းကို အပိုင်အသုံးချ၍ ယခု ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးတွင် ဩစတြေးလျအသင်း၏ ခြေစွမ်းကို ကမ္ဘာကသိအောင် တစ်ခုခု အောင်မြင်မှုရရှိရန် အစွမ်းကုန် ကြိုးစားသွားလိမ့်မည်ဟုမျှော်လင့်ထားရသည်။

ခြေစစ်ပွဲအောင်

သမုဒ္ဒရာပိုင်းဇုန်မှ ခြေစစ်ပွဲအောင်ရန် ကြိုးစားခဲ့ရသော ဩစတြေးလျအသင်းသည် လွန်ခဲ့သော ၁၂ နှစ်က အာဂျင်တီးနား၊ အီရန်၊ ဥရုဂွေးတို့နှင့် ကြုံတွေ့ခဲ့ရသကဲ့သို့ ၂၀၀၆ ကမ္ဘာ့ဖလားမှာလည်း ရှုံးထွက်ကစားပြီး ခြေစစ်ပွဲ အောင်လာခဲ့သော အသင်းဖြစ်သည်။

ပြင်ဆင်ထား

ဩစတြေးလျအသင်းသည် လွန်ခဲ့သော လေးနှစ်ကလည်း ဥရုဂွေးအသင်းနှင့် ရှုံးထွက်ကစားပြီး အရှုံးကြောင့် ကမ္ဘာ့ဖလားဝင်ခွင့်နှင့် ကပ်လွဲသွားရသည်။ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဩစတြေးလျအသင်းသည် အခြား နှစ်များနှင့် မတူဘဲ တစ်မူ ထူးခြားစွာ ပြင်ဆင်ထားပုံရသည်။

ခြေစမ်းပွဲ

တောင်ကိုရီးယား ဘောလုံးအသင်းကို အောင်မြင်မှုရယူပေးခဲ့သော နည်းပြ ဂုစ်ဟစ်ဒင့်က ဩစတြေးလျအသင်းကို ကိုင်တွယ်၍ ကမ္ဘာ့ဖလားဝင်ခွင့်ရအောင် ကြိုးစားပေးခဲ့သည်။ ၎င်း၏ဦးဆောင်မှုနှင့်အတူ ကစားသမားများ၏ ပြတ်သားသော ဆုံးဖြတ်ချက်၊ အာရုံ စူးစိုက်မှုများကြောင့် ဥရုဂွေးအသင်းကို ရှုံးထွက်ပွဲမှာ ပယ်နယ်တီဖြင့်အနိုင်ရပြီး ခြေစမ်းပွဲအောင်နိုင်ခဲ့သည်။

ဩစတြေးလျ ကစားသမား နောက်တန်းလူတိုနီပိုပိုဗစ်က "ပထမပွဲစဉ်တွင် ဂျပန်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းစောစီးစွာ သုံးမှတ်ရပြီး ဒုတိယအဆင့်တက်နိုင်ရေး အခွင့်အလမ်းတစ်ရပ်ရလိမ့်မည်ဖြစ်ကြောင်း" ပြောကြားသည်။

မျှော်လင့်

ဒုတိယပွဲစဉ်တွင် ဘရာဇီးအသင်းနှင့် ကစားရမည်ဖြစ်၍ ဂရုစိုက်ကစားရန်သာလိုကြောင်း၊ နောက်ဆုံးပွဲအဖြစ် ခရိုအေးရှားအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း၊ အနိုင် သို့မဟုတ် သရေပွဲ ဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မာကိုဘရက်စီယာနို

ဩစတြေးလျအသင်းကို ၃၂ နှစ်အတွင်း ခြေစစ်ပွဲအောင်အသင်းဖြစ်လာစေရန် အဓိက စွမ်းဆောင်ပေးခဲ့သော ကစားသမားမှာ ဩစတြေးလျအသင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ကွင်းလယ်ကစားသမား မာကိုဘရက်စီယာနိုပင် ဖြစ်သည်။ ၎င်းသည် အီတလီစီးရီးအေအသင်းတွင် ခြေစွမ်းပြ ကစားနေသော ကွင်းလယ်ကစားသမားလည်းဖြစ်သည်။ စီးရီးအေတွင် ခြေစွမ်းပြကစားနေသော ကစားသမားဖြစ်၍ ကမ္ဘာ့ဖလား ဝင်ခွင့်ရရေးအတွက်လည်း အထူးခြေစွမ်းပြကစားနိုင်ခဲ့သည်ကို တွေ့ရသည်။

ခြေစွမ်းပြ

၎င်း၏လျင်မြန်စွာလှုပ်ရှားမှုများနှင့် ဂိုးပေါက်ရှာဖွေမှုများသည် ကလပ်အသင်းအတွက်ရော၊ နိုင်ငံအသင်းအတွက်ပါ အရေးပါသော ကစားသမား တစ်ဦးဖြစ်လာခဲ့သည်။ ဥရုဂွေးအသင်းနှင့် ဒုတိယအကျော့ ကစားသည့်ပွဲတွင် အသင်းခြေစစ်ပွဲအောင်ရန် အထူးခြေစွမ်းပြပေးခဲ့သူလည်း ဖြစ်သည်။

၎င်းသည် အသက် ၂၄ နှစ်အရွယ်တွင် ဩစတြေးလျအသင်းနှင့်အတူ ခြေစွမ်းပြနေခဲ့သည့်ကစားသမားဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ၎င်း၏ခြေစွမ်းကို ဘောလုံးပရိသတ်များအနေဖြင့် အထူးစောင့်ကြည့်ရမည့် အနေအထားရှိသည်။

ယှဉ်ပြိုင်

ဩစတြေးလျအသင်းသည် အုပ်စု (စ)တွင်ပါဝင်ပြီး ဇွန် ၁၂ ရက်တွင် ဂျပန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ဘရာဇီးအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၂ရက်တွင် ခရိုအေးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားနွဲကြမည့် အီတလီဘောလုံးသမားစာရင်း

ဂိုး – ဘတ်ဖ်ဖွန်း(ဂျူဗင်းတပ်စ်)၊ အိန်ဂျယ်လိုပီရူဇီ(လာဇီယို)၊ မာကိုအေမီလီယာ(လီဗော်နို)။

နောက်တန်း – ခရစ္စတီယန်ဇက်ကာဒို (ပါလာမို)၊ အလယ်ဇန်ဒရိုနက်စတာ (အေစီမီလန်)၊ ကင်နာဗာရို (ဂျူဗင်းတပ်စ်)၊ ဇမ်ဘရော့တာ (ဂျူဗင်းတပ်စ်)၊ မာတာရက်ဇ်ဇီ (အင်တာမီလန်)၊ ဖာဘီယိုဂရော့စ်ဆို (ပါလာမို)၊ မက်ဆီမိုအော့ဒိုး (လာဇီယို)၊ ဘာဇာဂလီ (ပါလာမို)။

အလယ်တန်း – အင်ဒရီယာပီယာလို (အေစီမီလန်)၊ ဂတ်တူဆို (အေစီမီလန်)၊ ဒန်နီရယ်ဒီရို့စ်စီ (အေအက်စ်ရိုးမား)၊ ကာမိုရာနက်စီ(ဂျူဗင်းတပ်စ်)၊ပါရော့တာ(ရိုးမား)၊ဘာရိုနီ(ပါလာမို)။

ရှေ့တန်း – လူကာတိုနီ (ဖီအိုရင်တီးနား)၊ ဒယ်ပီယာရို(ဂျူဗင်းတပ်စ်)၊ တော့တီ(ရိုးမား)၊ ဂျီလာဒီနို(အေစီမီလန်)၊ အင်ဇာဂီ (အေစီမီလန်)၊ ဗင်ဆင့်ဇိုလာအယ်ကွင်းတား(အူဒီးနိစ်)။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့ဖလားနွဲကြမည့် ဘရာဇီးဘောလုံးသမားစာရင်း

ဂိုး – ဒီဒါ(အေစီမီလန်)၊ ဂျူလီယိုစီဆာ(အင်တာမီလန်)၊ရိုဂျာရီယိုစီနီ(ဆော်ပေါ်လို)။

နောက်တန်း – ကာဖူး(အေစီမီလန်)၊ ဆီစင်ဟို(ရီးရဲမက်ဒရစ်)၊ လူစီယို (ဘိုင်ယန်မြူးနစ်)၊ ဂျူယန် (ဘေယာလီဗာကူဆင်)၊ ရော်ဘတ်တိုကားလို့စ် (ရီးရဲမက်ဒရစ်)၊ ဂျီလ်ဘာတို (ဟာသာဘာလင်)၊ ခရစ် (အိုလံပစ်လိုင်ယွန်)၊ ပူဆော (ဘင်ဖီကာ)။

အလယ်တန်း – အက်ဒ်မီလ်ဘွန်(ဘာစီလိုနာ)၊ ဂျူနင်ဟို(အိုလံပစ်လိုင်ယွန်)၊ အီမာဆင်(ဂျူဗင်းတပ်စ်)၊ဇီရောဘတ်တို(ဘေယန်မြူးနစ်)၊ ဂျီလ်ဘာတိုဆီးလ်ဗား(အာဆင်နယ်)၊ ကာကာ (အေစီမီလန်)၊ ရီကာဒင်ဟို(ကော်ရင်သီယန်)။

ရှေ့တန်း – ရော်နယ်ဒို (ရီးရဲမက်ဒရစ်)၊ ရော်ဘင်ဟို(ရီးရဲမက်ဒရစ်)၊ ရော်နယ်ဒင်ဟို(ဘာစီလိုနာ)၊ အက်ဒရီယာနို (အင်တာမီလန်)၊ ဖရက်ဒ်(အိုလံပစ်လိုင်ယွန်)။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့ဖလားနွဲကြမည့် ပေါ်တူဂီဘောလုံးသမားစာရင်း

ဂိုး – ရီကာဒို ပီရီရာ(စပို့တင်း)၊ ဆီလ်ဗာ(ဘင်ဖီကာ)၊ ဘရူနိုဗေးလ် (အက်စ်ထရီလာအဗာဒိုယာ)။

နောက်တန်း – ဖာရီယာ (ချယ်လ်ဆီး)၊ မွန်တီယာရို (ဗလင်စီယာ)၊ ကာဗယ်ဟို(ချယ်လ်ဆီး)၊ ဖာနန်ဒိုမီရာ (စတုဂတ်)၊ ကာနီယာရာ (စပို့တင်း)၊ ရီကော့ဒိုကော့စတာ (ပေါ်တို)၊ ဗလင်တီ(အဲဗာတန်)။

အလယ်တန်း – အာမန်ဒိုပီတစ် (ဘင်ဖီကာ)၊ ကိုစတင်ဟာ (ဒီနာမိုမော်စကို)၊ တီယာဂိုမန်းဒက်စ် (အိုလံပစ်လိုင်ယွန်)၊ မာဒိုချီရီဘီယာရို(ချယ်လ်ဆီး)၊ ဟူဂိုဗီယာနာ(ဗလင်စီယာ)၊ လူးဝစ်ဖီဂို (အင်တာမီလန်)၊ ဒေကို (ဘာစီလိုနာ)၊ ခရစ္စတီယာနိုရိုနယ်ဒို (မန်ယူ)၊ ဆာဘရိုဆာ (ဘင်ဖီကာ)။

ရှေ့တန်း – လူးဝစ်ဘိုအာမော်တီ (ဖူလ်ဟမ်)၊ ပေါ်လက်တာ (ပဲရစ်စိန့်ဂျာမိန်း)၊ ဂိုမက်စ်(ဘင်ဖီကာ)၊ ဟယ်လ်ဒါပိုစတီဂါ(စိန့်အီစတိန်း)။

အမ်အင်အေ၊ရိုက်တာ

ဓမ္မစေတီဆရာတော် အထူးတရားပွဲ

အရှင်ကောသလ္လ(ဓမ္မစေတီ)၏ အထူးတရားပွဲကို မေ ၁၉ရက်မှ ၂၁ရက်အထိ ညစဉ် ၇နာရီမှစ၍ သုံးရက်တိုင်တိုင် စွမ်းအင်ဓမ္မာရုံ၊ ဗဟန်း ၃လမ်းအနီး၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် တရားအလှူပေးမည်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၅/E၊ မြေကွက်အမှတ် ၄၅–D/A ဧရိယာ ၃ ဒသမ ၁၁၄ ဧက (သုံးဒသမတစ်တစ်လေးဧက)ရှိ မြေပိုင်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၅/A သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ခင်ခင်မြင့်နှင့် ဒေါ်တင်တင်ဦးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့် အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေနှင့် အဆောက်အအုံ၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်ထွန်း	**ဒေါ်ကြည်ကြည်ဌေး**
B.A, (Law), LL.B	**B.A, (Law), LL.B**

တရားရုံးချုပ်ရှေ့နေများ
တိုက် ၃၁၅၊ အခန်း ၆၊ ရန်အောင်လမ်းသွယ် ၃၊
ရန်ကင်းမြို့နယ်။
ဖုန်း–၅၅၆၈၁၂၊ ၀၉–၅၀–၁၅၂၃၄၊ ၅၄၆၄၀၄
(လိုင်းခွဲ–၃၈၈)။

ဂျပန်စကားပြောသင်တန်း တက်ရောက်လိုသူများအတွက်

ဂျပန်နိုင်ငံတွင် သွားရောက်လုပ်ကိုင်လိုသူများအတွက် ဆာကူရာ နည်းပညာဝန်ဆောင်မှု သမဝါယမအသင်းလီမိတက် အောင်ဆန်းကွင်းမြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်ရိုးညွှန်းတမ်းများနှင့်အညီ ဂျပန်စာ၊ စကားပြော(၆)လ သင်တန်းကို ၁၉–၅–၂၀၀၆ရက်တွင် စတင်ဖွင့်လှစ်ပါမည်။ တက်ရောက်လိုသူများ ၁၉–၅–၂၀၀၆ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းနိုင်ပါသည်။

တစ်ပတ် ၃ ရက်	(သောကြာနေ့)	မွန်းလွဲ (၂)နာရီမှ(၅)နာရီအထိ
	(စနေ၊ တနင်္ဂနွေ)	မွန်းတည့်(၁၂)နာရီမှ(၃)နာရီအထိ။

နယ်မှ သင်တန်းသားများ ဘော်ဒါလက်ခံသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရိပ်သာနေ (ဒေါက်တာသန်းစိုး)–ဒေါ်ကြူကြူမြင့်(ခေတ္တ–ဂျပန်)တို့၏သားဦး

မောင်ဇေယျာစိုး B.Sc (Physics)
Forum Engineering INC (Tokyo), (ခေတ္တ–ဂျပန်)

နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အေးသိဒ္ဓိကျောင်းလမ်းနေ (ဦးရန်လင်း–ဒေါ်လှမေ)တို့၏ ဒုတိယသမီး၊ ကိုသန်းဦး(ဒု–အင်/ယာ–ရေနံသယ်/ပို့ဌာန)–မနှင်းငွေတို့၏ညီမ၊ မခိုင်ခိုင်လင်း၏ အစ်မ

မစုစုဝင်း B.Sc (Botany), (Shwe Tun Co;)

တို့သည် ၁၄–၅–၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇေယျာစိုး–မစုစုဝင်း။

ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနား ဖိတ်ကြားခြင်း

ချည်မျှင်နှင့် အထည်အင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး **ဒေါက်တာဒေါ်နော်မူမူအေး** အား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အကြောင်းမျိုးမျိုးကြောင့် ဖိတ်စာမရရှိသူများလည်း ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

နေရာ – q_`ml_>>pcqr_sp_lr
(ရန်ကုန်တိုရှ်ဆာနဲဥယျာဉ်ဝင်း e_kc>agrw>)

နေ့ရက် – ၂၁–၅–၂၀၀၆(တနင်္ဂနွေနေ့)

အချိန် – ညနေ ၃နာရီမှ ၆နာရီအထိ

ငွေဆယ်သိန်းလုယက်ထွက်ပြေးသူအား တာဝန်သိပြည်သူကြောင့် ၁၅မိနစ်အတွင်းဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

မန္တလေးမြို့ ဇီမန်ကုမ္ပဏီဝန်ထမ်းဖြစ်သူ မဟာမြိုင်အပိုင်း ၉၊ မဟာအောင်မြေမြို့နယ်နေ မခင်ကြွယ်ကြွယ်မွန် ၂၇နှစ် (ဘ)ဦးခင်မောင်ချစ်သည် မေ၈ရက် မွန်းလွဲ၁နာရီခန့်တွင် ကုမ္ပဏီပိုင်ငွေ ၂၇သိန်းကို မန္တလေးမြို့ ရတနာပုံဈေး မြို့မဘဏ်မှထုတ်ယူပြီး လမ်းလျှောက်ပြန်လာစဉ် ချမ်းအေးသာစံမြို့နယ် ၇၈လမ်း ၃၂ x ၃၃လမ်းကြားအရောက်တွင် ၎င်းလက်ထဲမှငွေထုပ်ကို လူတစ်ဦးက အတင်းဝင်လုသဖြင့် မခင်ကြွယ်ကြွယ်မွန်က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံသည့်ကြားမှ အဆိုပါလုသည် ငွေဆယ်သိန်းပါ အထုပ်တစ်ထုပ်ကိုဆွဲလုပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားသည်။

ယင်းဖြစ်စဉ်အခြေအနေကို အနီးရှိတာဝန်သိပြည်သူ ဦးဝင်းကြည်က မောရဂီဝါရဲကင်းသို့ ချက်ချင်းအကြောင်းကြားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များသည် ချက်ချင်းပိတ်ဆို့ရှာဖွေဖမ်းဆီးရာ ပြစ်မှုကျူးလွန်ပြီး ၁၅မိနစ်အကြာ ၃၃x၇၃လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်အတွင်း၌ တရားခံ တင်ဝင်းလှိုင် ၂၃နှစ် (ဘ)ဦးကျော်သင်း တောင်သူဘုတာရပ် ကျောက်ပန်းတောင်းမြို့နယ်နေသူအား သက်သေခံငွေကျပ်ဆယ်သိန်းအပါအဝင် ၎င်းစီးလာသည့်ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မန္တလေးမြို့တွင် ယခုကဲ့သို့ ဘဏ်မှငွေထုတ်လာသူများအား စောင့်ကြည့်လျက် အခွင့်သာသည်နှင့် ငွေထုပ်လုပြေးသောဖြစ်စဉ်များ မကြာခဏဖြစ်ပွားလေ့ရှိသဖြင့် ငွေနှင့်အဖိုးတန်ပစ္စည်းပါရှိသူများသည် ပတ်ဝန်းကျင်ကိုသတိပြုကာ မိမိတို့၏လုံခြုံမှုကို အထူးအလေးဂရုပြု လှုပ်ရှားသွားလာကြရန် ရဲတပ်ဖွဲ့ဝင်များက အသိပညာပေးစည်းရုံးဟောပြောလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းသာသနပါလဆွမ်းလောင်းအသင်း ဒုတိယအကြိမ် ငွေပင်ငွေရင်းစိုက်ထူ လှူဒါန်းနိုင်

ရန်ကုန် မေ ၁၆

မန္တလေးတိုင်း ကျောက်ပန်းတောင်းတွင် ၁၃၄၈ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ အနှစ်၂၀ တိုင်တိုင် သာသနပါလနေ့စဉ် အရုဏ်ဆွမ်းလောင်းအသင်းကြီးသည် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ စာသင်တိုက် ၁၁တိုက်၊ ရိပ်သာပေါင်းငါးခုနှင့်ကျောင်းထိုင်ဘုန်းကြီးကျောင်းပေါင်း၄၀တို့မှ ပရိယတ်၊ပဋိပတ်ဝန်ဆောင်ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပါး၁၀၀၀တို့အား နေ့စဉ်အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူ ဆက်ကပ်လျက်ရှိသည်။

သာသနပါလနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းကြီး အရှည်တည်တံ့စေရန်၊ ဒုတိယအကြိမ် ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းပွဲကြီး ကျင်းပမည်ဖြစ်သည်။ ငွေပင်ငွေရင်း လှူဒါန်းနိုင်ရန် ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ်၁၀၀၀၀(ကျပ်တစ်သောင်း)တိတိ အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

ငွေပင်ငွေရင်း စိုက်ထူပွဲကြီးတွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတိုက်ကြီးမှ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ ရေစက်သွန်းချအနုမောဒနာတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၆

ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံကြီး)က မေ၂၄ရက်မှ ၃၀ရက်အထိ နံနက် ၇နာရီမှ၁၁နာရီ၊ မွန်းလွဲ၁နာရီမှညနေ၅နာရီ၊ ညနေ ၆နာရီခွဲမှ ည၈နာရီအထိ ဧရာဝတီတိုင်း မြောင်းမြမြို့ ပဏ္ဍိတာရုံ ကျောင်းတိုက်တွင်လည်းကောင်း၊ ဇွန်၁ရက်မှ၇ရက်အထိ ညနေ၆နာရီမှ၇နာရီခွဲအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ဆိပ်ကမ်း လုပ်သားပေါင်းစုံဓမ္မာရုံတွင်လည်းကောင်း၊ ဇွန်၁၅ရက်မှ ၂၁ရက်အထိ ညနေ၆နာရီခွဲမှ ည၈နာရီအထိ ပုဇွန်တောင်မြို့နယ် အမှတ် (၇)ရပ်ကွက် လိပ်ကန်လမ်းရှိ အိုးဘိုဓမ္မာရုံတွင်လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) စိုက်ပျိုးရေးမန်နေဂျာ၊ ကြီးကြပ်ရေးမှူး၊လက်ထောက်ကြီးကြပ်ရေးမှူးရာထူးများ (အမျိုးသားများသာ)
(၂) စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးဒီပလိုမာ၊ စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်း လက်မှတ်ရရှိသူဖြစ်ရမည်။
(၃) အသက်(၅၀)နှစ်ထက် မကြီးရ။
(၄) လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။
(၅) ဒေသမရွေးသွားရောက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်တိုင်လက်ရေးလျှောက်လွှာ၊ ကိုယ်ရေး မှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့၊ ဒီပလိုမာ အောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့ဖြင့် အောက်ပါလိပ်စာအတိုင်း ၃၀–၅–၂၀၀၆ရက် ညနေ ၄နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီ
၃၁လမ်း၊ (၇၇ X ၇၈)ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။



ပြင်ဆင်ဖတ်ရှုပါရန်

၉–၅–၂၀၀၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၈တွင်ပါရှိသည့် မောင်ဟိန်းထက်ဇော်၏အမည်ပြောင်းကြော်ငြာတွင် ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ခိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။





ဝိုင်းမော်မြို့၌ ခြံစည်းရိုးကြက်ဆူနှင့် မြေရိုင်းဖော်ထုတ်ရေးဆွေးနွေး

ဝိုင်းမော် မေ ၁

မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ၊ အဖွဲ့ဝင်(၁) ဦးစိန်အုပ်နှင့်အတူ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေ၊ ခရိုင်၊မြို့နယ် စိုက်ကြပ်အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၂၅ ရက်က ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းမျိုးစေ့ ၆၀၀၀၀နှင့် ပျိုးကိုင်း ၁၀၀၀၀ ပျိုးထောင်ထားမှုကို လည်းကောင်း၊ ဂူယန် ကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ၃၀၀၀၀နှင့် ပျိုးကိုင်း ၃၀၀၀၀ ပျိုးထောင်ထားမှုကို လည်းကောင်း၊ နမ့်ဝါကျေးရွာတွင် ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၄၅၀၀၀ ပျိုးထောင်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)**ဝါရှောင်ကျေးရွာတွင် နွေစပါးစံပြကွက် ၂၀ဧက်ခင်းကို ကြည့်ရှုစစ်ဆေးကာ တောင်သူ ၅၀၀ တို့အား ခြံစည်းရိုးကြက်ဆူနှင့် မြေရိုင်းဖော်ထုတ်ရေးတို့ကို တွေ့ဆုံဆွေးနွေးမှာကြားသည်။

စပါးသီးထပ်

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဂူယန်နှင့် နမ့်ဝါ ကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူနှင့် ယာစပါးသီးထပ်စိုက်ပျိုးရန် မြေရိုင်းဖော်ထုတ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ သန့်ရှင်းမှုရှိစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က မကွေးမြို့ မြို့မဈေးကြီး၌ ဈေးသူ ဈေးသားများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်ငွေးဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အဆို၊အက၊အတီးသင်တန်းပျော်ဘွယ်၌ဖွင့်

ပျော်ဘွယ် မေ ၈

၂၀၀၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု နွေရာသီ အဆို၊အက၊အတီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရမည်းသင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဝင်းရှိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးသက်ထားမောင်က အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဦးကျော်ခင်က သင်တန်း စည်းကမ်းများ ရှင်းလင်းပြောကြားသည်။**(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးစပါးစိုက်ပျိုးရေးစီမံကိန်းအောင်မြင်ရန် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများညှိနှိုင်း

ရေဦး မေ ၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဧပြီ၂၉ရက် နံနက်၁၀နာရီက ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ရေဦးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအလိုက် တာဝန်ယူဆောင်ရွက်ရသော စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ရေဦးမြို့နယ် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် စိုက်ပျိုးရေးစီမံချက်လုပ်ငန်းရပ်များကို ကွင်းဆင်း၍ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၃၇၈)

စာကြည့်တိုက်များသို့အလှူငွေနှင့်စာအုပ်များလှူဒါန်း ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးရှင်းလင်း

မိုင်းရှူး မေ ၁

မိုင်းရှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ၁၉ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းမောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များအတွက် အလှူငွေကျပ်ငါးသောင်းနှင့် စာအုပ်၊ ဂျာနယ်မျိုးစုံ ၂၇၅ အုပ်ကို အလှူရှင်များကပေးအပ်လှူဒါန်းကြရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်က လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် (၄)ရပ်ကွက် ဗိုလ်ချုပ်လမ်း ရေမြောင်းရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ဧပြီ ၂၀ ရက်က အမှုဆောင်အရာရှိဦးအေးလွင်နှင့် ဒုတိယဦးစီးမှူး(အခွန်)ဦးညီညီမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ ညောင်ရွှေ၌ကျင်းပ

ညောင်ရွှေ မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပညာရေးဦးစီးဌာနခန်းမတွင် ဧပြီ၂၇ရက် နံနက် ၉နာရီက မြို့နယ်အဆင့် အခြေခံပညာကဏ္ဍသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲကို အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းအုပ်ကြီးများတက်ရောက်ကြပြီးမြို့နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်က အဖွင့် အမှာစကား ပြောကြားသည်။ (၀၂၇)

ရန်ကုန်-မုတ္တမ အဝေးပြေးလမ်း လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ မေ ၄ ရက်က ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(၂၆၀)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်
၁၈-၅-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးရေး)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အဝေးမှာမနေပါနဲ့ (အရှင်ဆန္ဒာဓိက- ရွှေပါရမီတောရ)
(၂) လှဆိုးဗျင်းရယ်နှင့် နှင်းဆီ (မိချမ်းဝေနှင့် အောင်ဝေး)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံဆောင်းပါးရေးသားခြင်း အကြောင်း-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့် အာဟာရ (အထပ်တစ်ရာမုန့်)
၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မင်းချစ်မှချစ်ပါ့မလား
(၂) သိပ်ချစ်တာပဲ
၁၈:၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Computer Program and Construction
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အပိန်နှင့် အပဲ့တို့၏ သမိုင်း)
၁၉:၄၀ ခေတ်မရွေးသော တေးများ
(၁) မောင်ချော့မြူပါ့မယ်
(၂) တမာလမ်းကို ပြန်ခဲ့ပါ
(၃) ကြာလေလေခိုင်မြဲလေလေ
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်ကို ဘယ်လိုပြောရမယ်
(၂) သက်ဆိုင်သူသို့
(၃) တစ်ကမ္ဘာခြားလဲချစ်နေမယ် တစ်ယောက်ထဲ

မိုးကောင်းမြို့၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

မိုးကောင်း မေ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်းက ကြီးမှူး၍ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ရက်က နမ္မနကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ (၄၁၆)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်ဆဲ သိမ်အဆောက် အအုံသစ်အတွက် မေ ၂၈ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း ဆီဆုံရပ်နေ ဦးငွေလှိုင်-ဒေါ်ကျင်ရီမိသားစုက ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ သိမ်အဆောက်အအုံသစ် ဖြစ်မြောက်ရေးကော်မတီဝင် ဦးကိုကိုလေး လက်ခံရယူစဉ်။ (၁၆၈)

စုပေါင်းရှင်ပြုပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ မေ ၃

မိတ္ထီလာမြို့ ဝမ်းတော်ပြည့် ပရိယတ္တိ၊ ပဋိပတ္တိသာသနာပြုကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇနိတသာသနဓဇသိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူနှင့် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ ဇဂီသ ၏ ဦးဆောင်မှုဖြင့် ရှင် ၁၀၈ ပါးစုပေါင်းရှင်ပြုပွဲကို ဧပြီ ၂၆ ရက်က ဝမ်းတော်ပြည့်ကျောင်းတိုက်တွင် ကျင်းပသည်။

မြို့တွင်း လှည့်လည်

ထို့နောက် စုပေါင်းရှင်ပြုပွဲကို ဧပြီ ၂၅ ရက်က ကျီတော်ကုန်း၊ မကြီးချောက်၊ ကန်ဦးနှင့် ပြည်သာယာရပ်ကွက်များမှ မောင်ရှင်လောင်း ၁၀၈ ပါးတို့အား ဝမ်းတော်ပြည့် ကျောင်းတိုက်မှ ကားများဖြင့် ရွှေမြင်တင်ဘုရားအား ဦးခိုက်ပူဇော်ပြီး မြို့တွင်းသို့ လှည့်လည်ကြသည်။

တရားချီးမြှင့်

စုပေါင်းရှင်ပြုပွဲကို ဧပြီ ၂၆ ရက် နံနက်က ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးပြီး မောင်ရှင်လောင်း ၁၀၈ ပါးတို့အား မိတ္ထီလာမြို့ အာသောကာရုံ ရေလည်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြက္ခရွှေတောင်သာသနာပြုဆရာတော် ဘဒ္ဒန္တလာဘာဝတက ရေစက်ချ အနုမောဒနာတရားချီးမြှင့်ပြီး မောင်ရှင်လောင်း ၁၀၈ ပါးအား ရှင်သာမဏေအဖြစ် ချီးမြှောက်ပေးသည်။ **(အပေါ်ပုံ)** (၄၁၄)

ကျေးလက်ပြည်သူများ ကျန်းမာရေးအသိပညာတိုးပွားရန် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်းဟောပြော

ဟိုပင် မေ ၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာ တိုးပွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲများကို မေ ၂ရက်က တကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြေနကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဟိုပင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးမျိုးဝင်းနှင့် တိုင်းရင်းဆေးခန်းမှူး ဒေါ်ခင်ဝိုင်းရီတို့က သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို အသေးစိတ် ဟောပြောကြသည်။

ထို့နောက် ဒေါက်တာ မျိုးမျိုးဝင်းနှင့် တိုင်းရင်းဆေးခန်းမှူးတို့က လိုအပ်သည့် ဆေးဝါးကုသမှုနှင့် ဆေးများအခမဲ့ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကောလင်းမြို့၌ မီးသတ်တပ်ဖွဲ့နေ့ စုပေါင်းသန့်ရှင်း

ကောလင်း မေ ၁၂

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇နာရီက ကောလင်းမြို့ မီးသတ်ဦးစီးဌာန မြက်ခင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုတိယရဲမှူးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူး ဦးဖိုလ်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကိုကို၊ မြို့နယ်ရပ်ကွက် ဥက္ကဋ္ဌများနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူးဦးဖိုလ်လတ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာဈေး၊ မီးသတ်ရေကန်၊ ရေနုတ်မြောင်း၊ သားငါးအရောင်းဆိုင်တို့အား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (၀၂၆)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ကမိုင်းငေါ်ရှိ ဈေးကြီးတွင် အသားငါးများ ရောင်းချရာတွင် သတ်မှတ်ဈေးအတိုင်း ရောင်းချခြင်း ရှိမရှိနှင့် အလေးချိန်ခွင် ပြည့် မပြည့်ကို ဧပြီ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

မော်လမြိုင်ကျွန်း မေ ၈

မော်လမြိုင်ကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၃ရက်နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ ၁ လမ်း ထိပ်ရှိ မြို့နယ်နာရေးကူညီမှုအသင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းအလှူငွေ ပေးအပ်ပွဲတွင် ရန်ကုန်မြို့တာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင် အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် (ငြိမ်း)- ဆရာမ ဒေါ်တင်အေး မိသားစုတို့က အလှူငွေကျပ်ငါးသောင်းနှင့် မော်လမြိုင်ကျွန်းမြို့ ရွှေဇမ္ဗူဆန်စက်ပိုင်ရှင် ဦးခွမ်းလှိုင် (ဒေါ်ကြူ)အမှတ်၁၀၃၊၁၅လမ်း ရန်ကုန်မြို့အတွက် သားဖြစ်သူ ဦးဝင်းရွှေက အလှူငွေကျပ်တစ်သိန်းကိုမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးလှရွှေထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဦးအောင်ထိန် ရုံးအဖွဲ့မှူး မြို့နယ်နာရေးကူညီမှုအသင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၉၇)

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ခါနွေဦးသင်္ကြန်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ၂၉ ရက်က မြင်းခြံခရိုင်ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပရာ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံက ပထမဆုရ လူပေါ်ဘောလုံးသင်းအား ဆုချီးမြှင့်စဉ်။ (၄၀၂)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်း

လှိုင်ကော် မေ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UN-IAP တို့ ပူးပေါင်းဖွင့်လှစ်သည့် Training of Service Providers on Trafficking in Persons သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၁ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ (Mobile Team)အဖွဲ့ခေါင်းဆောင် ဒေါ်ထူးရော်နှင့် အဖွဲ့ (UN-IAP)မှ ကိုယ်စားလှယ်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်ရင်း တပ်ဖွဲ့များမှ တပ်ရင်းမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချိုသန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချိုချိုသန်း၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားတစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် ဧပြီ၃၀ရက်က ရွှေကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးအတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (၃၂၉)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်မှုအဖြစ် မီးချိတ်မီးကပ်စစ်ဆေးခြင်း၊ မီးသတ်ရေကန် ရေဖြည့်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံ ပြသလေ့ကျင့်ခြင်းတို့ကို မေ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးတင့်ဝေနှင့်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းတို့က ကြီးကြပ်ဆောင်ရွက်ရာသို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘုရားသုံးဆူမြို့ စည်ပင်သာယာရေးအဖွဲ့ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို တာဝန်ခံဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြရာ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

နွားထိုးကြီးမြို့နယ် ကားလမ်းဘေးတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

နွားထိုးကြီး မေ ၁၀

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့်အဖွဲ့သည် မေ ၃ရက် နံနက်က နွားထိုးကြီးမြို့နယ်အတွင်းရှိ ကားလမ်းဘေးဝဲယာတစ်လျှောက်နှင့် ကျေးရွာအုပ်စုများတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုနှင့် တစ်အုပ်တစ်မပျိုးခြံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် အဖွဲ့သည် မြင်းခြံ–မန္တလေးကားလမ်းဘေးဝဲယာ ပြင်စည်–ကန်နှောင်း လမ်းဘေးဝဲယာနှင့် ရွာကြီးစံပြကျေးရွာ၊ ညောင်ပင်ရွာ၊ ခက်လန်းစံပြကျေးရွာ၊ ပြင်စည်စံပြ ကျေးရွာများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ကြက်ဆူပင် အစေ့ပျိုးခြံနှင့် ကိုင်းပျိုးပင်ခြံများ၊ ဌာနဆိုင်ရာ ၃၇ဌာန၏ စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ကန်နှောင်းကျေးရွာအနီး ခြံစည်းရိုးကြက်ဆူပင် ခြောက်ကေ စိုက်ခင်းနှင့် ပြင်စည်ကျေးရွာအနီး ခြံစည်းရိုး ကြက်ဆူပင် ခြောက်ကေ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ဝင်မြို့ထွက် တစ်ကွင်းတစ်စပ်ဖြစ်ရေး တစ်အုပ်တစ်မ စိုက်ပျိုးရေး တစ်ပင်နှင့်တစ်ပင် ခြောက်ပေအကွာ သတ်သတ်မှတ်မှတ် စိုက်ပျိုးရေး၊အပင်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လမ်းဘေးဝဲယာ ကွက်ပြည့် စိုက်ပျိုးရေးတို့ကို မှာကြားပြီး မက္ခရာကျေးရွာအနီးတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့်အဖွဲ့က ခြံစည်းရိုးကြက်ဆူပင် ပါဝင်စိုက်ပျိုးပေးကြသည်။ **(၂၁၃)**

မှုခင်းကျဆင်းရေး ဝက်လက်မြို့၌ ပညာပေးဟောပြော

ဝက်လက် မေ ၈

ဝက်လက်မြို့နယ် သရက်ကြီး ကျေးရွာတွင် မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲကို ဧပြီ ၃၀ ရက် နံနက်၁၁နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယရဲမှူး သန်းဇော်က မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားမှုရှိပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရေး၊ နယ်မြေပြည်သူများ ပူးပေါင်းပါဝင်ရေး စသည်တို့ကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်အောင်က မှုခင်းကျဆင်းရေးနှင့် တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးရဲလွင်က မှုခင်းကျဆင်းရေး ပညာပေးရခြင်းအကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုး ရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေး ဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိအမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ ဂုန်လျှော် ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မန္တလေးအောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တီဘီရောဂါ အကြောင်းသိကောင်းစရာ ပညာပေး ဟောပြောပွဲကို ဧပြီ ၁၀ရက်က ကျင်းပရာ တိုင်းတီဘီရောဂါ ဆရာဝန်ကြီးက ဟောပြောစဉ်။

(၁၆၂)

ကျွန်းလှမြို့၌ ကျန်းမာရေး အသိပညာပေးဟောပြော

ကျွန်းလှ မေ ၅

ကျွန်းလှမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၉ရက်နံနက် ၇နာရီက ကျီကုန်းကျေးရွာရုံးတွင် ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်က အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်သန်းသန်းနွယ်က လူမှောင်ခိုနှင့်လူကုန်ကူးမှု အကြောင်းကို လည်းကောင်း၊ မြို့နယ်ဆရာဝန်ဒေါက်တာကိုကိုလေးက အိပ်ချ်အိုင်ဗွီ၊ အေ အိုင် ဒီ အက်(စ်) ရောဂါ အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းသိန်းက အမျိုးသမီးများနှင့်ပတ်သက်သည့်ဥပဒေ အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့၌ အနေ့ယာဉ်များ လိုင်စင်ဆောင်ရွက်ပေး

ကျောက်တံခါး မေ ၈

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွက် အနေ့ယာဉ်များဖြစ်သည့် ဆိုက်ကားနှင့်မြင်းလှည်းများ သက်တမ်းလိုင်စင် လဲလှယ်ခြင်းလုပ်ငန်းကို မေ ၃ရက်မှ ၂၀ရက်အထိ ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအတွင်း၌ ဆောင်ရွက်ရာ ဦးစီးအရာရှိ ဒေါ်မိုးမိုးနိုင်နှင့် ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နီလာတို့က ကြီးကြပ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာကြီးတောင်၊ စပယ် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ ရေနံစိမ်းစည်ပေါင်း ၃၆၀ ကျော်နှင့် သဘာဝဓာတ်ငွေ့ ကုပေ ၁၉ သန်းခန့် နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သာကြီးတောင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်း သစ်အမှတ်(၄၄) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးမြစိန်က လက်ရှိတူးဖော် ထုတ်လုပ်နေမှုအခြေအနေ၊

စာမျက်နှာ ၉ ကော်လံ ၄ ❐

အပ်စိုက်ကုသမှု ခံယူ

လက်ပြင်ကပ်ရောဂါ ခံစားနေရသူ မန္တလေးမြို့မှ ဦးချစ်ဆွေ အပ်စိုက်ကုသမှု ခံယူစဉ်။ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

လည်ပင်းကြီးပေါင်းတက်ရောဂါနှင့် အခြားရောဂါအများအပြား စံပြဆေးရုံကြီး၌ ဆရာဝန်အပ်စိုက် ကုသနည်းဖြင့် အခမဲ့ကုသပေးနေ

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၆

လူတိုင်းသက်တမ်းစေ့စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကောင်းမွန်ရန် လိုအပ်ပေသည်။ မျက်မှောက် ကာလတွင် ကိုယ်တိုင်ကျန်းမာရေးကောင်းမွန်ရန် နေထိုင်စားသောက်တတ်မှုနှင့် မကျန်းမမာဖြစ်လာလျှင် မှန်ကန်ထိရောက်သော ဆေးဝါးကုသမှုခံယူရန်လည်း လိုအပ်လှသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပါတီသည် အာဏာရရှိရေးကိုသာ ဦးတည်လုပ်ဆောင်နေ NLD ပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုစိတ် မရှိ မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ်မှ နုတ်ထွက်

ရန်ကုန် မေ ၁၆

တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးသန်းမြင့် (အမျိုးသားမှတ်ပုံတင်အမှတ်-၁၃/တကန (နိုင်)၁၄၂၅၂၁)သည် ၎င်း၏ဆန္ဒ အလျောက် နုတ်ထွက်စာရေးသားပြီး မေ ၇ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

တောင်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော တောင်ကြီးမြို့နယ် NLD စည်းရုံးရေးကော်မတီဝင် ဦးသန်းမြင့်၏ နုတ်ထွက်လွှာတွင် ၎င်းသည် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၉၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ပါတီ၏တာဝန်များကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် အဆင့်ဆင့်သော တာဝန်ရှိသူများသည် ၎င်းတို့အာဏာရရှိရေးကိုသာ ဦးတည်လုပ်ဆောင်နေပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားဖော်ဆောင်ရန် ဦးဆောင်လမ်းပြပေးမှုမရှိကြောင်း၊ NLD ပါတီ၏သဘောထားမှာ ၎င်းပါတီခြံစည်းရိုးအတွင်းသို့ အတွေးအခေါ်များယွင်း၍ ခြေတစ်ဖက်ချမိရုံ မျှဖြင့် NLD ပါတီ၏ ကျေးကျွန်သဖွယ် ရာသက်ပန်ပါတီဝင်အဖြစ် ချုပ်နှောင်ထားကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ✡

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာကြ

နေပြည်တော် မေ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများအတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ (ရှမ်းဆစ်) အဖွဲ့ တပ်မဟာ(၂၄၁)မှ တပ်ကြပ်အဆင့်ရှိ နိုင်ဝင်းသည် အမ်-၇၉ လောင်ချာတစ်လက်၊ ဗုံးသီး ငါးလုံး၊ ဆက်သွယ်ရေးစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်ကြပ်ကြီးအဆင့်ရှိ ဖိုးဇော်၊ ထွန်းကျော်နှင့် ဝင်းအောင်၊ တပ်ကြပ်အဆင့်ရှိ ကျော်တင့်၊ မောင်ငယ်နှင့် စိုင်းမောင်၊ ဒုတပ်ကြပ်အဆင့်ရှိ မူလိန်း၊ တပ်သား စိန်အောင်၊ ကျော်အောင်နှင့် ကျော်ထူးတို့သည် ပစ္စတိုလေးလက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ် ရှစ်လက်၊ စက်လတ်တစ်လက်၊ အာရ်ပီဂျီတစ်လက်၊ အမ်-၇၉ လောင်ချာနှစ်လက်၊ ဗုံးသီး ၂၅ လုံး၊ လက်ပစ်ဗုံး ၁၉ လုံး၊ မိုင်းတစ်လုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံးတို့ဖြင့် လည်းကောင်း။

စာမျက်နှာ ၉ ကော်လံ ၅ ■